# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၅ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၁၃)


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

## ရေးယခင်ကတည်းက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ကောင်းမွန်ခဲ့မှုနှင့် တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ရှေးယခင်ကတည်းက နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ကောင်းမွန်ခဲ့မှုနှင့် တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ယဉ်ကျေးမှုနှင့်ဘာသာရေး အပြန်အလှန် ဖလှယ်ရေး၊ ဘာသာရေးအရ ချစ်ကြည်ရင်းနှီးမှုမှသည် နှစ်နိုင်ငံ အစိုးရနှစ်ရပ်အကြားနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင်

*စာမျက်နှာ ၃ ကော်လံ ၁ ➡*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


**ယနေ့ *ဖတ်စရာ***

မီးဘေးနှင့် သဘာဝဘေး ကာကွယ်ရေးတွင် စွမ်းရည်ပြည့်ဝ နှလုံးလှသည့် စွန့်စားဆောင်ရွက် မီးသတ်တပ်ဖွဲ့ — ဆောင်းပါး စာ ၈

၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ — ပြည်တွင်းသတင်း စာ ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး — ဆောင်းပါး စာ ၁၀

# (၇၇) နှစ် ပြည့်ခဲ့ပြီ

မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့်သဘာဝဘေးအန္တရာယ်များ၏ ၇၀ ရာခိုင်နှုန်းမှာ မီးဘေးအန္တရာယ်ဖြစ်သည်။ မီးဘေးကို သဘာဝဘေးအန္တရာယ်များအဖြစ် စာရင်းသွင်းထားသော်လည်း မီးလောင်ကျွမ်းမှု စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်မှာ လူတို့ပေါ့ဆမှုကြောင့် လောင်ကျွမ်းရခြင်းဖြစ်ပြီး တစ်နေရာရာတွင် မီးလောင်ကျွမ်းမှုဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်နှင့် အမြန်ဆုံးရောက်ရှိလာသည်မှာ မီးသတ်တပ်ဖွဲ့ဖြစ်သည်။

မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန် (၄)ရပ်တွင် (၁) မီးဘေးလုံခြုံရေး၊ (၂) သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ (၃) ရှာဖွေကယ်ဆယ်ရေး၊ (၄) ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူ၍ပါရှိရာ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး စသည်တို့တွင်သာမက အခြားသော သဘာဝဘေးအန္တရာယ် ကျရောက်မှုများနှင့် မတော်တဆဖြစ်ရပ်များတွင်ပါ ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ခြင်း၊ ဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများကို ရှာဖွေကယ်ဆယ်ခြင်း စသည့်တာဝန်များကိုပါ ထမ်းဆောင်နေကြသူများဖြစ်သည်။ ယင်းသို့ ထမ်းဆောင်နိုင်ရန်အတွက်လည်း မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်း၊ မီးသတ်နှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ စက်များ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းကိရိယာများကို အမြဲတမ်းအသင့်အနေအထားရှိနေစေခြင်း၊ ပြည်သူလူထုကို မီးဘေးအန္တရာယ်အသိပညာပေးခြင်း၊ အရန်မီးသတ်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်သင်တန်းပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးသတ်နှင့် ရှာဖွေကယ်ဆယ်ရေးပညာရပ်များတွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် သုတေသနပြုဖော်ထုတ်၍ တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးခြင်း၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများအရ မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုချက်များကို သက်ဆိုင်ရာနိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဌာန၊ အဖွဲ့အစည်းလုပ်ငန်းများက တိကျစွာလိုက်နာဆောင်ရွက်စေခြင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ ခိုင်မာသောအရန်အင်အားဖြစ်စေရေးအတွက် လေ့ကျင့်ဖွဲ့စည်း၍ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဟူသော လုပ်ငန်းစဉ်ကြီး (၇) ရပ်ကို ဆောင်ရွက်လျက်ရှိသည်။

ရှေးမြန်မာမင်းများ လက်ထက်တွင် မြို့ပြနှင့်ကျေးရွာများ မီးဘေးအန္တရာယ်မကျရောက်စေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တင်းတင်းကျပ်ကျပ်ဆောင်ရွက်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရပြီး ကိုလိုနီခေတ်တွင် အနောက်တိုင်းပုံစံ မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းလာခဲ့သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့၏ သမိုင်းအစသည် ၁၉၄၆ ခုနှစ်၊ မေလ (၅) ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပသော ပထမဆုံးအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံဖြစ်သည်။ အဆိုပါညီလာခံသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး မီးသတ်အဖွဲ့များကို အရပ်ရပ်တိုင်းတွင် ဖွဲ့စည်းအပ်ကြောင်း မိန့်ကြားခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး ဖွဲ့စည်းခဲ့သည့် မေလ ၅ ရက်နေ့သည်လည်း "မီးသတ်တပ်ဖွဲ့နေ့" ဟူ၍ ဖြစ်လာခဲ့သည်။

ယခုနှစ်တွင် မီးသတ်တပ်ဖွဲ့နေ့သည် (၇၇) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သကဲ့သို့ အဘက်ဘက်မှလည်း တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်သည်။ မီးသတ်လုပ်ငန်းသည် မြန်မြန်ထက်ထက်နှင့် ရဲရဲဝံ့ဝံ့လုပ်ရသည့်လုပ်ငန်းဖြစ်သဖြင့် သူရဲကောင်းများ၏ လုပ်ငန်းတစ်ရပ်ဟု ယူဆကြောင်း၊ သူများကောင်းကျိုးအတွက် ကူညီဆောင်ရွက်သည့် စေတနာ့ဝန်ထမ်းလုပ်ငန်းများဖြင့် သူရဲကောင်းစိတ်တွေမွေးပြီး ကူညီဝိုင်းဝန်းဖို့ လုပ်ရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့်အတိုင်းပင် သူရဲကောင်းများလည်း ပေါ်ထွန်းခဲ့ပြီး မြန်မာနိုင်ငံ မီးသတ်သမိုင်းတွင် မော်ကွန်းရေးထိုးနိုင်ခဲ့သည်ဟု ဂုဏ်ပြုအပ်ပါကြောင်း။ ။



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်နှင့် သရက်ကုန်းကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနဘေးမဲ့ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုန်းကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဉ္ဇူကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ပေပင်ပရိယတ္တိစာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာသန္တာရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဒေဝနိမ္မိတာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မဟာ ဓမ္မိကရာမပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ မြို့မကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း တနင်္သာရီတိုင်းဒေသကြီး၌ စီမံကိန်း ရည်မှန်းချက်များ ပြည့်မီစွာအကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းမှာကြား

**နေပြည်တော် မေ ၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း သည် မေ ၃ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် မြိတ်မြို့၌ တာဝန်ထမ်းဆောင်နေကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိဌာန/အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းလျာထားချက်များအပေါ် ပြည့်မီစွာ ဆောင်ရွက်ရန်၊ စီမံကိန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်၊ စာရင်းဇယားမှန်ကန်ရေးအလေးပေးဆောင်ရွက်ရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝကောက်ခံရရှိရန်နှင့် ချေးငွေများကို အတတ်နိုင်ဆုံး ပြန်လည်ကောက်ခံရရှိရေး ဆောင်ရွက်ရန်၊ နိုင်ငံ့ဘဏ္ဍာငွေ သုံးစွဲမှုများ စနစ်တကျဖြစ်စေရန်နှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို မြေပြင်ကွင်းဆင်းစိစစ်ခြင်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး မွန်းလွဲပိုင်း၌ မြို့နယ်နှင့်ခရိုင်ရုံးများသို့ သွားရောက် ကွင်းဆင်းစစ်ဆေးသည်။




ဒုတိယဝန်ကြီးသည် မေ ၁ ရက်နှင့် ၂ ရက်တို့တွင် ထားဝယ်မြို့၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန/အဖွဲ့ အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ပြီး ရုံးများ ဥပမိရပ်ကောင်းမွန်စေရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

သတင်းစဉ်

## ပလက်ဝမြို့နယ် ကြက်ခြေနီအသင်းခွဲ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲကျင်းပ

**ပလက်ဝ မေ ၄**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် မြို့နယ်ကြက်ခြေနီ အသင်းခွဲ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့မ အထက(၁) သဇင်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဦးကျော်မြင့်ဦးက မြို့နယ်ကြက်ခြေနီအသင်းခွဲရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားကာ မြို့နယ်ကြက်ခြေနီအသင်းခွဲအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား)အလုပ်အမှုဆောင်အဖွဲ့ဝင် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးရွှန်ဒွန်းထန်က ဂုဏ်ပြုစကားပြောကြားသည်။



အခမ်းအနားသို့ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမား (၂)ဦးနှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်) ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com ၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသ လုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❍ ရှေ့ဖုံးမှ

ရုရှား အော်သိုဒေါ့ဘုရားကျောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရုရှားနိုင်ငံတွင် ဗုဒ္ဓစင်တာနှင့် ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ဆောက်ထားမှု အခြေအနေများ၊ ကမ္ဘာ့အကြီးဆုံးဖြစ်လာမည့် စကျင်ကျောက်တော်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပြီး ဘုန်းတော်ကြီးက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆုမွန်တောင်းစကားပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီးနှင့်အတူ အော်သိုဒေါ့ဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Dr. Nikolay Listopadov တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၄**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းခရိုင်တို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက Videoconference ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အလိုက်ပြင်ဆင်စုဖွဲ့ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

**နေပြည်တော် မေ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်း ဆောင်မည့် ၂၀၂၂-၂၀၂၃ ပညာ သင်နှစ် ပြည်ထောင်စုတိုင်းရင်း သားလူငယ်များ စွမ်းရည်ဖွံ့ဖြိုး ရေး ဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း)တို့မှ AGTI ဒီပလိုမာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၃ ဦးအား ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ တွေ့ဆုံ သည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအကဲများနှင့် တာဝန် ရှိသူများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ရှေးဦးစွာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများက တစ်ဦးချင်း မိတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်မည့် ကျောင်းသား ကျောင်းသူများကို လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ သင်ကြားတတ်မြောက်လာသည့် ပညာရပ်များကို အခြေခံပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကြိုးစားလေ့လာ ဆောင်ရွက်သွား ကြရန်ဖြစ်ကြောင်း၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးပါသည့်အလျောက် **"ပို့ဆောင်ဆက်သွယ် ပြည်ကျိုး ရွှယ်"** ဟူသည့် ဆောင်ပုဒ်ချမှတ် ပြီး သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဖွံ့ဖြိုးလာစေ




ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ သဖြင့် ဝန်ကြီးဌာန၏ ရည်မှန်း ချက်နှင့် တာဝန်များကို သိရှိထား ရန် လိုအပ်ကြောင်း၊ လက်တွေ့ လုပ်ငန်းနယ်ပယ်တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အတွေ့အကြုံများကို လေ့လာ သင်ယူ၍ မိမိတာဝန်ကို အကောင်း ဆုံး ကြိုးပမ်းထမ်းဆောင်ကြရန် ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန် ထမ်းဆောင်ကြမည် ဖြစ်ရာ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်း ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်အပါအဝင် ဝန်ထမ်းကျင့်ဝတ် များကို လိုက်နာကျင့်ကြံရမည် ဖြစ်ကြောင်း၊ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်ပြီး တတ်မြောက်ထား သည့် နည်းပညာအသုံးချ၍ ဝန်ကြီးဌာန၏ ကောင်းကျိုး အတွက်အားထားရသူများဖြစ်လာ စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဝန်ကြီး ဌာန လက်အောက်ရှိ ဌာနအဖွဲ့ အစည်း ၁၉ ခုနှင့် လုပ်ငန်း ဆောင်ရွက်မှု ဆိုင်ရာများအား အကျဉ်းချုပ် ရှင်းလင်းပြောကြား သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာနသို့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)တို့မှ AGTI ဒီပလိုမာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၁၄၆ ဦး အနက် အမျိုးသား ၁၅ ဦး၊ အမျိုး သမီး ရှစ်ဦး စုစုပေါင်း ၂၃ ဦးတာဝန် ထမ်းဆောင်မည်ဖြစ်ပြီး ဝန်ကြီး ဌာနအတွင်းရှိ ဌာန ခြောက်ခုတွင် ခန့်အပ်တာဝန် ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၆/၂၀၂၃)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ မေလ ၃ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၃၁/ ၂၀၂၃ ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၀၅ - က အရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူ ၂၁၅၃ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၃၂/ ၂၀၂၃ ဖြင့် အကျဉ်းထောင်အသီးသီး တွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား/ သူ ၃၈ ဦးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ချမှတ်ထားသည့် သေဒဏ် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု ၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေခဲ့ပါသည်။

၃။ ဤဆောင်ရွက်မှုသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကျိုးဆက်အဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရ ကြပြီး သေဒဏ်လွတ်ငြိမ်းခွင့် ရကြသူများအနေဖြင့်လည်း အသက်ရှင်သန်ခွင့် ရရှိကြပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များနှင့် ထပ်တူလွန်စွာ ဝမ်းမြောက် ပီတိဖြစ်ရပါသည်။

၄။ အလားတူ အပြုသဘောဆောင်သော ခြေလှမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၄**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များ အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်း အနားကို ၂၀၂၃ ခုနှစ်၊ မေ ၆ ရက် (စနေနေ့)၊ ညနေ ၆ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ခမ်းနားထည်ဝါစွာ စီစဉ် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီခွဲမှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင် သံကြား MRTV-HD Channel၊ MRTV Farmers' Channel၊ MRTV Sports Channel၊ MRTV Par-liament Channel၊ MRTV-NRC တိုင်းရင်းသား လူမျိုးများ ရုပ်သံလိုင်းတို့မှလည်းကောင်း၊ MWD-HD Channel၊ MWD Variety -HD Channel၊ Channel LIGHT Channel တို့အပြင် Channel-7၊ Readers' Channel၊ 5 - Plus၊ Channel-9၊ MNTV၊ SkyNet Up to Date Channel၊ Myanmar Arts Channel၊ Fortune Channel၊ Channel K၊ YTV၊ M Entertainment Channel တို့မှလည်း ကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်မည်ဖြစ်သည်။ ထို့ပြင် MOI Website, MOI Youtube၊ MRTV Website တို့နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒုမ္မာဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FM တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၄** - မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ စတင်ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



## မချမ်းဘောမြို့၌ မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်

**ပူတာအို မေ ၄**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ပေါင်း ၄၁၅ သန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် RCတစ်ထပ် မြို့နယ်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၄ ရက်က မချမ်းဘောမြို့ မြို့နယ်တရားရုံး သစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်တရားရုံးအဆောက်အအုံသစ် ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြ သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ်နှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး တို့က အမှာစကားပြောကြားကြသည်။ **(ဝဲပုံ)**

ယင်းနောက် လေးမြို့နဒီ ကုမ္ပဏီတာဝန်ရှိသူ တစ်ဦးက မြို့နယ်တရားရုံး အဆောက်အအုံသစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပြည်နယ် တရားရေးဦးစီးမှူး ဒေါ်ခင်ဆွေဦးထံ လွှဲပြောင်း ပေးအပ်သည်။

**ခရိုင်(ပြန်/ဆက်)**

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၅ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၄ ရက် )

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၈) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ** ကို ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၁၀ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြို့တိုင်းရင်းသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၆ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၄ ရက် )

**မြို့တိုင်းရင်းသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ သပြေကုန်း၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ် (၂၄၅) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြို့တိုင်းရင်းသားပါတီ**ကို ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြို့တိုင်းရင်းသားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၁၁ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး၌ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူးပြီး မေ ၃ ရက်တွင် ကျရောက်သော ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့(World Press Freedom Day)အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက Video Conferencing ဖြင့် အဖွင့်အမှာစကားပြောကြားပြီး (ယာပုံ) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။




ထို့နောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့နှင့် သက်ဆိုင်သော အကြောင်းအရာများ ဟောပြောဆွေးနွေးကြရာ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်သတင်းမီဒီယာများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ကလည်းကောင်း၊ "သတင်းထုတ်လုပ်ဖြန့်ဝေသူတို့၏တာဝန်" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်- လယ်ဝေး)ကလည်းကောင်း၊ "ဒီမိုကရေစီနှင့် သတင်းလွတ်လပ်ခွင့်"ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံကလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**အောင်မြင့်(ပြန်/ဆက်)**

## မော်လိုက်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မော်လိုက် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က တပ်ဦးဘုန်းတော်ကြီး ကျောင်းတိုက်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ ဝတ်အသင်းအဖွဲ့များနှင့် လူမှုရေးအဖွဲ့အစည်းများ၊ မြို့ပေါ်နေပြည်သူများက ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မဟာဗောဓိ ညောင်ပင်အား စုပေါင်း၍ ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ် မြို့ဦးပရိယတ္တိစာသင်တိုက်အတွင်း အရုဏ်ဆွမ်းနှင့် နံ့သာရည်သွန်းလောင်းပူဇော်ပွဲ ကျင်းပ

**တနင်္သာရီ မေ ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ကို ရည်မျှော်မှန်း၍ အရုဏ်ဆွမ်းလှူဒါန်းပြီး မဟာဗောဓိညောင်ပင်တို့အား နံ့သာရည်သွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က မြို့ဦးပရိယတ္တိစာသင်တိုက်ဓမ္မာရုံအတွင်း ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီမြို့နယ် အမှတ်(၂)စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်ကိုလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြတ်ဆုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့ဦးပရိယတ္တိစာသင်တိုက်ရှိ ဘောဇနဆောင်အတွင်း ဆရာတော်၊ သံဃာတော်များနှင့် ပရိယတ္တိစာသင်သားရှင်သာမဏေများ၊ ကျောင်းသားများ စုစုပေါင်း ၄၆ ပါးတို့အား အမှတ် (၂) စစ်နယ်မြေမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက အရုဏ်ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး မြို့ဦးပရိယတ္တိစာသင်တိုက်-သာသနဟိတဓမ္မာရုံအတွင်း သဲဖြူရွာ-အောင်ချမ်းသာကျောင်းတိုက် ဦးစီးပဓာနဆရာတော်ဘဒ္ဒန္တပုညက ငါးပါးသီလချီးမြှင့်ပေးပြီး ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)ကိုအကြောင်းပြု၍ ဩဝါဒတရား ချီးမြှင့်တော်မူသည်။

မြို့ဦးပရိယတ္တိစာသင်တိုက် အတွင်းရှိ မဟာဗောဓိ ညောင်ပင်ကြီးနှင့်ဂြိုဟ်ခွင်ဘုရားအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား အမှတ်(၂) စစ်နယ်မြေမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တာဝန်ရှိသူများက ဗုဒ္ဓနေ့ကို ရည်မှန်းလျက် နံ့သာရည်/အမွှေးနံ့သာများဖြင့် သွန်းလောင်းပူဇော်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ(ထိန်ဝင်း)**

## မိုးကုတ်မြို့၌ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**မိုးကုတ် မေ ၄**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ ပင့်သံဃာတော် ၁၀၈ ပါး တို့အား ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ရေစက်ချအခမ်းအနားကို ယမန်နေ့ (ကဆုန်လပြည့်နေ့) နံနက် ၈ နာရီက မိုးကုတ်မြို့ မဟာမြတ်မုနိဘုရား၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခြင်း ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်၊ ဆေး၊ ဝတ္ထုငွေ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူပူဇော်ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**နန်းခွာညိုနှင်း(ပြန်/ဆက်)**

## ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် မေ ၄** – ထူးခြားသည့်နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူမြို့၊ ချောက်မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့၊ တောင်ငူမြို့နှင့် ရွှေကျင်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အစမ်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အစမ်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၆ နာရီတွင် အခမ်းအနားကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိပြီး ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည့် စင်မြင့်ဆောက်လုပ်ပြီးစီးမှု၊ အသံပိုင်း၊ ရုပ်ပိုင်းနှင့် မီးပိုင်းဆိုင်ရာစနစ်များ တပ်ဆင်ပြီးစီးမှု၊ ဖွင့်ပွဲအခမ်းအနားတွင် ဆောင်ရွက်မည့်အစီအစဉ်များ ကြိုတင်ဇာတ်တိုက်လေ့ကျင့်နေမှု၊ ရွှေကြိုမောင်မယ်များ လေ့ကျင့်နေမှု၊ အခမ်းအနားမှူးများလေ့ကျင့်မှု၊ ဂုဏ်ပြုလျှောက်လမ်း (Red carpet)နေရာ ပြင်ဆင်ထားမှု၊ မီးရှူးမီးပန်းများ စမ်းသပ်ပစ်ဖောက်မှု၊ နေရာထိုင်ခင်း ပြင်ဆင်လျာထားမှု၊ ရောင်စုံအလှမီးများ တပ်ဆင်ထားမှုနှင့် အကြိုလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပါဝင်တင်ဆက်သွားမည့် အစီအစဉ်များ၊ တေးသီချင်းများအပါအဝင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။



မေ ၆ ရက်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်ရန် ရုပ်ရှင်အနုပညာလောကမှ အနုပညာရှင်အချို့နှင့် ရွှေကြိုမောင်မယ်များ ရောက်ရှိနေကြပြီး အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များအနက်မှ အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ(Fashion Awards)ကို အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်းလေးဦးအား ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုပညာသင်နှစ်သည် Grade-9 နှင့် Grade-12 အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည်

နေပြည်တော် မေ ၄

**ပညာရေးဝန်ကြီးဌာန အခြေခံပညာ Grade-9 နှင့် Grade-12 သင်ရိုးသစ် ဗဟိုအဆင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Naypyitaw State Academy ရှိ စုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီကြီးကြပ်မှုဖြင့် Grade-9 နှင့် Grade-12 သင်ရိုးသစ်များကို ကိုယ်တိုင်ရေးသားပြုစုခဲ့ကြသော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းကော်မတီမှ သင်တန်းဆရာများ၊ သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က စတင်ကာ KG + 12 သင်ရိုးသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုပညာသင်နှစ်သည် Grade-9 နှင့် Grade-12 အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည် ဖြစ်သဖြင့် အတန်းစဉ်အားလုံး သင်ရိုးသစ်ဖြင့် ပြည့်ဝစွာ အကောင်အထည်ဖော် ပြီးမြောက်ပြီဖြစ်ကြောင်း၊ သင်ရိုးသစ်များသည် ကျောင်းသားကျောင်းသူများကို ၂၁ ရာစုကျွမ်းကျင်မှုများ ရရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ရန်နှင့် နိုင်ငံတကာ အဆင့်မီစေရန် ရည်ရွယ်ကာ ရေးဆွဲပြုစုထားပါကြောင်း၊ Grade-9 နှင့် Grade-12 သင်ရိုးသစ်ကို ကိုယ်တိုင်ရေးသားခဲ့ကြသော တက္ကသိုလ်ပါမောက္ခများ၏ တိုက်ရိုက်သင်ကြားပြသမှု ရရှိစေရန် ရည်ရွယ်၍ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများကို ဗဟိုအဆင့် နည်းပြသင်တန်း ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း၊ ယခုသင်တန်းပြီးပါက သက်ဆိုင်ရာ တက္ကသိုလ်အလိုက် သတ်မှတ်ဇရိယာများရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာဆရာ ဆရာမများကို တက္ကသိုလ်ဆရာကြီး ဆရာမကြီးများက တိုက်ရိုက်ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချသင်ကြားပေးကြရမည်ဖြစ်ကြောင်း။

ဗဟိုအဆင့် သင်တန်းမှ ဆင့်ပွားသင်တန်း၊ ထပ်ဆင့်ဆင့်ပွားသင်တန်းများမှတစ်ဆင့် အခြေခံပညာ ကျောင်းသားကျောင်းသူများကို အရည်အသွေးပြည့်ဝသော၊ ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းများ၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးကြမည့် အခြေခံပညာ ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရေး ဆရာကြီး ဆရာမကြီးတို့က တစ်တပ်တစ်အား ကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဝမ်းမြောက်စကား ပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆင့်ပွားသင်တန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ဗဟိုအဆင့် နည်းပြသင်တန်းသို့ တက္ကသိုလ်များမှ သင်တန်းသားပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ၁၂၇၉ ဦးနှင့် သင်တန်းသားအခြေခံပညာ ဆရာ ဆရာမ ၂၀၀ တက်ရောက်ကြပြီး Grade-12 သင်ရိုးသစ်ဗဟိုအဆင့် နည်းပြသင်တန်းကို Naypyitaw State Academy တွင်လည်းကောင်း၊ Grade-9 သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းကို နေပြည်တော်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း မေ ၄ ရက်မှ ၁၀ ရက်အထိ ခုနစ်ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ ဖွင့်လှစ်သင်ကြားမည့် အခြေအနေများ ဆွေးနွေး

**နေပြည်တော် မေ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်-၁ အခြေခံပညာအထက်တန်းကျောင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ ဖွင့်လှစ်သင်ကြားမည့် အခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင် ပညာရေးမှူး ဒေါ်ဝင်းဝင်းအေးက အမှာစကား ပြောကြားပြီး ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ အလယ်တန်းအဆင့် Grade-9 အောင်မြင်ပြီးမြောက်သော ကျောင်းသားကျောင်းသူများကို အထက်တန်းအဆင့် သင်ယူနေစဉ်ကာလတွင် စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို ရွေးချယ်သင်ယူတတ်မြောက်နိုင်မည့် အခြေအနေများ ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းထိန်က စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ပညာသင်ကာလသုံးနှစ်အတွင်း စာတွေ့၊ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးအောင် (Credit) အောင်မြင်သူများနှင့် အဆင့်မီ (Qualified) အောင်မြင်သူများ အနေဖြင့် တက္ကသိုလ်များတွင် ဆက်လက် တက်ရောက် ပညာသင်ယူနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**



အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်သင်ကြားပေးသွားမည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မေ ၅ ရက်မှစတင်၍ လျှောက်ထား တက်ရောက်နိုင်ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်(Minsk)မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန First Deputy Minister, Major General Nazarenko Yuryi Gennadievich နှင့် တွေ့ဆုံ၍ e-ID စနစ်ဆိုင်ရာလုပ်ငန်းများဆွေးနွေး၊ အမျိုးသားအီလက်ထရောနစ် ဗဟိုထိန်းချုပ်ကွပ်ကဲရေးစင်တာသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၄**

ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီး Lt General Ivan Kubrakob ၏ ဖိတ်ကြားချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းနှင့်အဖွဲ့သည် မေ ၁ ရက် ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြပြီး မေ ၂ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ် (Minsk) အမျိုးသားလေဆိပ်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဌာနမှူး Colonel Mr. Begun Alexey Yurievich နှင့် တာဝန်ရှိသူများက အဆိုပါလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် မေလ ၃ ရက် နံနက်ပိုင်းတွင် မင့်စ်ခ်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန First Deputy Minister Major General Nazarenko Yuryi Gennadievich ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဘယ်လာရုစ်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးနှင့် Biometric နည်းပညာသုံး အမျိုးသားစိစစ်ရေးကတ်စနစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး (ယာပုံ) အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင့်စ်ခ်မြို့ရှိ အမျိုးသားအီလက်ထရောနစ် ဗဟိုထိန်းချုပ်ကွပ်ကဲရေးစင်တာသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ Director Gradusof Roman Anatovich နှင့်တာဝန်ရှိသူများက ဘယ်လာရုစ်နိုင်ငံ၏ e-ID စနစ် အကောင်ထည်ဖော်ဆောင်ရွက်နေမှုအခြေနေများ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်မှုအခြေအနေများ၊ သတင်းအချက်အလက်စနစ် ပေါ်ပေါက်လာပုံနှင့်



ဒစ်ဂျစ်တယ်ဝန်ဆောင်မှုစနစ်အတွက် လိုအပ်သည့် အရင်းအမြစ်များ၊ အမျိုးသားဒစ်ဂျစ်တယ်ဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိအသုံးပြုဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြသကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် e-ID စနစ်အကောင်ထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားကာ သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် သဲနုန်းများတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် မေ ၄

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် အဖွဲ့ဝင် ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်၏ အရှေ့ဘက်ခြမ်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ထိုသို့ ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကန်တော်အတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားပြီး မြို့မိ မြို့ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့်လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ဝေးမြို့နယ် ကန်သာအုပ်စု အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများရှိ လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ဝေးမြို့နယ် ကန်သာအုပ်စု အောင်မြင်ကုန်း ကျေးရွာနှင့် တံတားဦးကျေးရွာများရှိလေဘေးသင့်ပြည်သူများအတွက် မြို့နယ်အဆင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီး ပြန်လည်ရရှိရေး၊ နားခိုနိုင်ရန် အမိုးအကာတဲများ ရရှိရေး၊ အပျက်အစီးများကို စက်အင်အား၊ လူအင်အားဖြင့် အမြန်ဖယ်ရှား ရှင်းလင်းရေး၊ ကျေးရွာမြေကွက်များ စနစ်တကျဖော်ဆောင်ရေး၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ ကူညီထည့်ဝင်မှုများဖြင့် အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လှူဒါန်းသည့် ငွေနှင့်ပစ္စည်းများ အလေအလွင့် အဖြစ် မရှိစေရန် စနစ်တကျစီမံခန့်ခွဲ၍ အကျိုးရှိစွာ အသုံးချနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ယနေ့ အခမ်းအနားတွင် လေဘေးသင့်ပြည်သူများအတွက် ဝန်ကြီးဌာနများနှင့် စေတနာရှင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၄၉၈ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ MSME လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်း၊ MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက်အကူပြု အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ နာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးဇေယျာလင်းတို့က အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က MSME Webportal ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် မေ ၄** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **မိုး/ဇလ**

(၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# မီးဘေးနှင့် သဘာဝဘေး ကာကွယ်ရေးတွင် စွမ်းရည်ပြည့်ဝ နှလုံးလှသည့် စွန့်စားဆောင်ရွက် မီးသတ်တပ်ဖွဲ့

မောင်သင်းပျံ့

မီးသတ်တပ်ဖွဲ့အား စနစ်တကျ ဖွဲ့စည်း၍ ပြည်သူ့အကျိုးကို ၁၉၄၆ ခုနှစ်မှ စတင်ထမ်းဆောင်လာခဲ့သည်မှာ ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် (၇၇)နှစ်ပြည့်မြောက်ပြီဖြစ်သည်။

နိုင်ငံနှင့် ပြည်သူ့အကျိုးကို ထမ်းရွက်သယ်ပိုးကြသည့် မီးသတ်တပ်ဖွဲ့ဝင်တို့အနေဖြင့် စွမ်းရည်လေးရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေး စွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည် ထက်မြက်စေရန် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းကို အစဉ်အမြဲ ဆောင်ရွက်လျက်ရှိသည်။

မီးသတ် စက်/ယာဉ်နှင့် ပစ္စည်းကိရိယာများ မွမ်းမံရေး၊ ကြံ့ခိုင်ရေးနှင့် အသင့်ရှိရေးလုပ်ငန်းများ၊ ပြည်သူလူထုအား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းကဏ္ဍ ထိရောက်စွာ ဆောင်ရွက်ရေးလုပ်ငန်း၊ အရန်နှင့် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်သင်တန်းပေးရေးလုပ်ငန်း၊ နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် ကွပ်ကဲမှုနည်းစနစ်များ၊ မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်တို့ကို အစဉ်အမြဲ သုတေသနပြုလုပ်ဖော်ထုတ်၍ တပ်ဖွဲ့ဝင်အားလုံး တတ်ကျွမ်းနားလည်စေရန် လေ့ကျင့်ပေးရေးလုပ်ငန်း၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အသုံးပြုလျက် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုချက်များကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင်/ ပုဂ္ဂလိကပိုင်၊ ဌာန/အဖွဲ့အစည်းများက တိကျစွာလိုက်နာဆောင်ရွက်စေရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ ခိုင်မာသော အရန်အင်အား ဖြစ်စေရေးအတွက် လေ့ကျင့်ဖွဲ့စည်းမှုဖြင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းစသည့် လုပ်ငန်းစဉ်တို့ကို ဖော်ဆောင်လျက်ရှိသည်။

## ရည်ရွယ်ချက်ငါးရပ်

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ရည်ရွယ်ချက်ငါးရပ်ဖြစ်သော နိုင်ငံပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်တို့ကို မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်တို့ကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကာကွယ်ပေးရန်၊ မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊ မီးဘေးအန္တရာယ်နှင့် အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်(သို့) ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် ပညာပေး၊ စည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတို့ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လိုအပ်ပါက ပါဝင်ကူညီဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိသည်။



၂၀၂၃ခုနှစ် ဧပြီ ၁၃ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မောင်ငံရပ်ကွက်ရှိ ဂိုဒေါင်နှစ်လုံး မီးလောင်မှုဖြစ်စဉ်တွင် မီးငြိမ်းသတ်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ လက်ကိုင်ဆောင်ပုဒ်မှာ သတိ၊ သစ္စာ၊ သတ္တိ ဖြစ်ပြီး မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံနှင့် ပြည်သူတို့အတွက် စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စတင်တည်ထောင်ချိန်မှစ၍ ယနေ့အထိ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့တံဆိပ် ၇၆ ဦးနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ဘွဲ့တံဆိပ် ၂၃၁ ဦးတို့ကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။ နိုင်ငံတော်က ချီးမြှင့်ခဲ့သော ဘွဲ့ထူးဂုဏ်ထူးများအနက် ၁၉၅၄ ခုနှစ်၌ ညွှန်ကြားရေးမှူး ဦးလှကျော်အား သရေစည်သူဘွဲ့၊ ၁၉၅၆ ခုနှစ်တွင်ညွှန်ကြားရေးဝန် ဦးခင်မောင်လွင်အား ဝဏ္ဏကျော်ထင်ဘွဲ့နှင့် ညွှန်ကြားရေးမှူးချုပ် ဦးရှားကိုးအား သီရိပျံ့ချီဘွဲ့ ချီးမြှင့်အပ်နှင်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်၊ ရဲဗလတံဆိပ်၊ ရဲသူရိန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူတံဆိပ်နှင့် စိုးမိုးကျော် အမြန်ရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်တွင် နစ်မြုပ်ရေယာဉ်အတွင်းပိတ်မိနေသော ရုပ်အလောင်းများကို တပ်မတော်သားငါးဦးနှင့်အတူ စွန့်စားသယ်ထုတ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်လေးဦးတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းခံခဲ့ရသည်။

> “နိုင်ငံနှင့် ပြည်သူတို့အတွက် စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စတင်တည်ထောင်ချိန်မှစ၍ ယနေ့အထိ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့တံဆိပ် ၇၆ ဦးနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ဘွဲ့တံဆိပ် ၂၃၁ ဦးတို့ကို ချီးမြှင့်ခြင်းခံခဲ့ရ”

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုကြောင့် မီးသတ်စွမ်းရည်များ မြင့်မားလာခဲ့သည်။ ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းတွင် မြန်မာ–စင်ကာပူ နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဂျပန်နိုင်ငံတွင် မီးငြိမ်းသတ်ရေးသင်တန်းနှင့် ငလျင်ဘေး အသိပညာပေး ဆောင်ရွက်ခြင်း၊ အိန္ဒိယနိုင်ငံတွင် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ပိုလန်နိုင်ငံသို့ ပညာတော်သင်အဖွဲ့ သွားရောက်ခြင်း၊ တရုတ်နိုင်ငံတွင် သုတေသနနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ထိုင်းနိုင်ငံနှင့် ဘေးအန္တရာယ်ဆိုင်ရာ ဖြစ်စဉ်များ ကွပ်ကဲမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ အမေရိကန်နိုင်ငံနှင့် အကျပ်အတည်းများဆိုင်ရာ စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ကမ္ဘာ့နိုင်ငံကြီးများရှိ မီးသတ်တပ်ဖွဲ့များနှင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများကို အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်းရှိ သင်တန်းကျောင်းများတွင် စွမ်းရည်မြှင့်သင်တန်းများနှင့် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မျိုးဆက်သစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေကို ပြဋ္ဌာန်းထားပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အားကို တိုးချဲ့ခဲ့သဖြင့် အင်အား အသင့်အတင့် ရှိလာသည်နှင့်အညီ မီးသတ်တပ်ဖွဲ့ဝင်များကို အခြေခံမီးသတ် အတတ်ပညာနှင့် ခေတ်မီ မီးသတ်နည်းစနစ်များကို သင်ကြားပေးလျက်ရှိသည်။ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် လမ်း ၄၀ ထောင့်ရှိ အဆောက်အအုံကို မီးသတ်သင်တန်းကျောင်း (ယာယီ)အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် အလုံလမ်းရှိ မီးသတ်ဦးစီးဌာနချုပ်ရုံးတွင် အခြေခံမီးသတ်ပညာမှစ၍ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေမည့် မီးဘေးလုံခြုံရေး ပညာရပ်များကို သင်ကြားပေးရန် စတင်ဖွင့်လှစ်ခဲ့သည်။

## လက်ရည်တစ်ပြင်တည်း

မီးသတ်တပ်ဖွဲ့ဝင်ဟုဆိုလျှင် နိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကိုတွေ့လျှင် အသိအမှတ်ပြု လေးစားကြခြင်းသည် အဖွဲ့အစည်း အသီးသီးတို့တွင် တွေ့မြင်ရခဲသော မီးသတ်တပ်ဖွဲ့ဝင်တို့၏ ထူးခြားသော ဝိသေသတစ်ခုလည်းဖြစ်သည်။ မီးဘေးအန္တရာယ်ဟုဆိုလျှင် စွန့်စွန့်စားစား ဆောင်ရွက်တတ်သူတို့မှာ မီးသတ်တပ်ဖွဲ့ဝင်များပင် ဖြစ်ပြီး အရာရှိ၊ အရာရှိငယ်နှင့် တပ်ဖွဲ့ဝင်ဟူ၍ ခွဲခြားမှုမရှိဘဲ ရည်မှန်းချက်တစ်ခုကို အောင်မြင်ရန် လက်ရည်တစ်ပြင်တည်း စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်မှုကောင်းသော အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ရန်ကုန်မြို့တွင် ဘေးအန္တရာယ်များနှင့် ကြုံလာသည့်အခါတိုင်း စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ကြသော ဖြစ်စဉ်များစွာသည် မီးသတ်တပ်ဖွဲ့နှင့်အတူ အရိပ်ပမာ ကပ်ပါလျက်ရှိသည်။ ကမ္ဘာ့ဖြစ်စဉ်များအနက် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ အဆောက်အအုံကြီး တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ပြိုကျစဉ် ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ကြသူများမှာ မီးသတ်တပ်ဖွဲ့ဝင်များဖြစ်သည်။ ထိုဖြစ်စဉ်တွင် မီးသတ်တပ်ဖွဲ့ဝင် ၃၀၀ ကျော် အသက်ဆုံးရှုံးခဲ့သဖြင့် ထိုနိုင်ငံမှ မီးသတ်တပ်ဖွဲ့တို့၏ ကြီးမြတ်သည့် စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသနိုင်သကဲ့သို့ ကမ္ဘာ့မီးသတ်တပ်ဖွဲ့ဝင်တို့၏ ရဲဝံ့စွန့်စားသောစိတ်ထားနှင့် ကြီးမြတ်သည့် ဂုဏ်ဒြပ်ကို ထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်။

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကမ္ဘာကြီးသည် တစ်နှစ်ထက်တစ်နှစ် ပူနွေးလာလျက်ရှိပြီး သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိသည့်အပြင် ပူပြင်းသောနွေရာသီတွင်လည်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အချိန်ပြည့်အားစိုက် တာဝန်ထမ်းဆောင်နေသူများမှာ မီးသတ်တပ်ဖွဲ့ဝင်များပင် ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ အချိန်နှင့် အမျှပြောင်းလဲဖြစ်ပေါ်မှု ဆင့်ကဲဖြစ်စဉ်များနှင့်အတူ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ လျင်မြန်စွာ ပြောင်းလဲတိုးတက်လာမှုကြောင့် သဘာဝဘေးနှင့် မီးဘေးသည် ကမ္ဘာကြီး တည်ရှိနေသရွေ့ ဖြစ်ပွားနေမည်သာဖြစ်သည်။ ထိုသို့ဖြစ်ပွားမှုတိုင်းတွင် လူသားများထဲမှ သံမဏိစိတ်ဓာတ်နှင့် လူသားဆန်သော နှလုံးသားများ ပိုင်ဆိုင်ထားသည့် မီးသတ်တပ်ဖွဲ့ဝင်တို့သည် နိုင်ငံနှင့် ပြည်သူအတွက် ရှေ့မှ မားမားမတ်မတ်ရပ်က စွန့်လွှတ်စွန့်စား စိတ်ထားဖြင့် ကာကွယ်စောင့်ရှောက်နေမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် အနာဂတ်မျိုးဆက်သစ်များထံ မီးသတ်တပ်ဖွဲ့၏ ဂုဏ်ကို လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်လျက်ရှိရာ အနာဂတ်မြန်မာ နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုတွင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ ကာကွယ်ရေး၌ နိုင်ငံတော်နှင့်ပြည်သူအတွက် အစဉ်ထာဝရ နိုးကြားထကြွသူရဲကောင်းတို့ နှလုံးသားများဖြင့် အသင့်ရှိနေမည်မှာ ဧကန်ပင် ဖြစ်ပါကြောင်း (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၄**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ) က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။





ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၀ နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့် သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော် (ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိလေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော် (လေ) လေကြောင်းလူငယ် သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ် သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့နှင့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံခရိုင်နှင့် ပြင်ဦးလွင်တပ်နယ်တို့မှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များစုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မေ ၄**

(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းမှူးက သွေးလှူဒါန်းပွဲကို တက်ရောက်လာကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် တိုင်းမှူးက သွေးလှူဒါန်းနေသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တစ်ဦးချင်းလိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။



အလားတူ ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သော(၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့နှင့် မေ ၈ ရက်တွင် ကျရောက်သော ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူကြသည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် စုစုပေါင်း ၅၁ ဦးကို သွေးလှူဒါန်းနိုင်ရေးအတွက် သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစား ခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများနှင့် ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးရေးအတွက် ဒိုလိုမိုက်နှင့် ထုံးထည့်သွင်းခြင်း ကွင်းသရုပ်ပြ

**အိမ်မဲ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃- ၂၀၂၄ မိုးစပါးမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒိုလိုမိုက်နှင့် ထုံးထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲကို ကျားနဖူးကျေးရွာတောင်သူ ဦးစောဆာဒိုစိုး၏ ကွင်းအမှတ် ၁၁၅ -ခ၊ ဦးပိုင် - ၈ တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

**ချစ်သက်လယ်(အိမ်မဲ)**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး

*လင်းလက်နေခြည်*

**သမိုင်းကြောင်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ၁၉၉၂ ခုနှစ် ဧပြီ ၄ ရက်တွင် သမ္မတ Boris Yeltsin က အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် ဖြစ်ပွားနေသည့် အဂတိလိုက်စားမှုများကို တိုက်ဖျက်နိုင်ရေးအမိန့်ဒီကရီတစ်ခုကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အမိန့်ဒီကရီအရ အများပြည်သူဆိုင်ရာအရာရှိများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို တားမြစ်ထားသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ဝင်ငွေ၊ အိမ်ခြံမြေနှင့် အခြားပိုင်ဆိုင်မှုများ၊ ဘဏ်စာရင်းများ၊ ငွေကြေးပိုင်ဆိုင်မှုစာရင်းများကို ထုတ်ဖော်ကြေညာရသည်။ အဆိုပါ ဆောင်ရွက်ချက်များသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကနဦးဆောင်ရွက်ချက်များပင်ဖြစ်သည်။

ရုရှားသမ္မတ ဒီမစ်ထရီ မာဘီဒတ် (Dmitry Medvedev) သည် သမ္မတရာထူးကို ရယူခဲ့ပြီးနောက် ၂၀၀၈ ခုနှစ် မေ ၁၉ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်တစ်ခုကို လက်မှတ်ရေးထိုးကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကောင်စီ (Anti-Corruption Council) ကို ဖွဲ့စည်းခဲ့သည်။ ၂၀၀၈ ခုနှစ် ဇူလိုင်တွင် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်တစ်ခုကို ချမှတ်ကာ နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့သည်။

**ဒီမစ်ထရီလက်ထက် ဆောင်ရွက်ချက်များ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကောင်စီ၏ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် အစည်းအဝေးတွင် "မိမိအနေနဲ့ ရိုးရိုးရှင်းရှင်းနဲ့ စိတ်မကောင်းစရာစကားကို ထပ်ပြောရဦးမယ်။ မိမိတို့နိုင်ငံမှာ အဂတိလိုက်စားမှုတွေ ပျံ့နှံ့နေပြီး၊ ရုရှားလူ့အဖွဲ့အစည်းရဲ့ ပုံမှန်ကြုံတွေ့နေကျ အရာတစ်ခုလိုဖြစ်နေပြီ" လို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ဒီမစ်ထရီချမှတ်ခဲ့သည့် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတစ်ခုကို ပြဋ္ဌာန်းသွားရန် ချမှတ်ထားသဖြင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် အဂတိလိုက်စားမှု တန်ပြန်တိုက်ဖျက်ရေး ဥပဒေ (On Corruption Counter-action) ကို ဥပဒေအမှတ် 273-FZ ဖြင့် ပြဋ္ဌာန်းခဲ့သည်။

ဒီမစ်ထရီအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပထမဦးစားပေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ဥပဒေပြဋ္ဌာန်းပြီး ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၃ ရက်တွင် သမ္မတရုံးအမိန့် ဒီကရီ ၄၆၀ ဖြင့် အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာကို ချမှတ်ခဲ့ပြီး နှစ်နှစ်တစ်ကြိမ် ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ခဲ့သည်။ သို့ရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ သိသာထင်ရှား အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ဒီမစ်ထရီအနေဖြင့် ၂၀၁၁ ခုနှစ် မေ ၄ ရက်တွင် Criminal Code နှင့် Code of Administrative Offences တို့ကို ပြင်ဆင်ကာ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်မှုကို အဆ ၁၀၀ ခန့်အထိ တိုးမြှင့်ကာ ရူဘယ် သန်း ၅၀၀ အထိ တိုးမြှင့်ခဲ့သည်။

**ဗလာဒီမာပူတင် လက်ထက်တွင်လည်း**

ဒီမစ်ထရီ၏ ဆောင်ရွက်မှုများသည် သိသာထင်ရှားသည့် ရလဒ်များရခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၏ အဂတိလိုက်စားမှု အညွှန်းကိန်းများတွင် ရမှတ်များ သိသာထင်ရှားစွာ တိုးတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ယခင်နှစ်ထက် ရမှတ်တိုးတက်လာပြီး နိုင်ငံအဆင့် ၁၁ ဆင့်အထိ တိုးတက်လာခဲ့သည်။

ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကြောင်း လေ့လာမည်ဆိုပါက လက်ရှိ သမ္မတဖြစ်သူ ဗလာဒီမာပူတင်၏ အခန်းကဏ္ဍကိုပါ ထည့်သွင်းသုံးသပ်ရန် လိုအပ်မည်ဖြစ်သည်။ ပူတင်သည် ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လည်းကောင်း ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ လက်ရှိအချိန်အထိ လည်းကောင်း သမ္မတတာဝန်ထမ်းဆောင်နေသူလည်း ဖြစ်သည်။

ဒီမစ်ထရီလက်ထက်တွင် ဝန်ကြီးချုပ်တာဝန်ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့ပြီး ၎င်းစတင်တာဝန်ယူသည့်အချိန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အရေးကြီးသည့် ပိုင်ဆိုင်မှုကြေညာခြင်း အခန်းကဏ္ဍကို စတင်မိတ်ဆက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး အများပြည်သူဆိုင်ရာ အရာရှိများနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုတွင် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုအခြေအနေများကို တားဆီးနိုင်ရေး ဆောင်ရွက်ခဲ့ပြီး အစိုးရဌာန အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ပိုင်ဆိုင်မှုကို ထုတ်ဖော်ကြေညာရန် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဥပဒေပါ ပုဒ်မများကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဥပဒေပုဒ်မ ၁၃၀ တွင် အဖွဲ့အစည်းများအားလုံးအနေဖြင့် "အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဌာန သို့မဟုတ် တာဝန်ခံများထားရှိရန်၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနအဖွဲ့အစည်းများတွင် ကျင့်ဝတ်ချမှတ်ထားရန်၊ အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်နှင့် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များကို လိမ်လည်ခြင်း မရှိစေရေးတို့ ဆောင်ရွက်ရန်" ပြဋ္ဌာန်းထားသည်။ အထူးသဖြင့် ပူတင်လက်ထက်တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်း (OECD) လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာ**

ရုရှားနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် အမိန့်ဒီကရီအမှတ် ၄၇၈ ဖြင့် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ် (၂၀၂၁-၂၀၂၄) ကို ချမှတ်ခဲ့သည်။ အစီအစဉ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး စံနှုန်းများ ချမှတ်ခြင်း၊ အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းအချက်အလက်များ လုံခြုံစွာထိန်းသိမ်းခြင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ အများပြည်သူ ဝယ်ယူမှုကဏ္ဍ၌ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းနှင့် ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် လုပ်ငန်းနယ်ပယ် ၁၆ ခု ပါဝင်သည်။

**အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ခြင်းနှင့် ပိုင်ဆိုင်မှုကြေညာခြင်း**

အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တွင် အကျိုးစီးပွားပဋိပက္ခ အခြေအနေများကို တားဆီးကာကွယ်နိုင်ရေးအတွက် အစိုးရဌာန အဖွဲ့အစည်းများအတွင်း ရာထူးတိုးမြှင့်ခြင်းကဲ့သို့သော ရပိုင်ခွင့်များနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းတို့တွင် အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရန် လိုအပ်သော မူဝါဒ လုပ်ထုံးလုပ်နည်းများ ချမှတ်ထားရန် ပြဋ္ဌာန်းထားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၀ တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် အများပြည်သူအကျိုးစီးပွား သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် ရောထွေးဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင် ပြည်သူ့ဘဏ္ဍာငွေ၊ ပြည်သူပိုင်ပစ္စည်းများနှင့် အခြားဘေးကိစ္စရပ်များတွင် ကိုယ်ကျိုးစီးပွားများ ဦးတည်ဆောင်ရွက်ခြင်းဖြင့် အကျိုးစီးပွား ပဋိပက္ခ အခြေအနေကို ဖြစ်ပေါ်စေသည်ဟု ဖော်ပြထားသည်။

ပုဒ်မ ၁၁ တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေး ဝန်ထမ်းများသည် ယခုကဲ့သို့သော အခြေအနေများကို ရှောင်ရှားနိုင်ရန်အတွက် လိုအပ်သော အစီအမံများ စီမံဆောင်ရွက်ရန်နှင့် ထိုကဲ့သို့သော အခြေအနေများပေါ်ပေါက်ပါက သတိပြုမိသည်နှင့် အထက်အဆင့်သို့ စာဖြင့် ရေးသားတင်ပြရန် လိုအပ်ပြီး သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအနေဖြင့်လည်း လိုအပ်ပါက အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ရေးအတွက် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ ချမှတ်ထားရန် ပြဋ္ဌာန်းထားသည်။

ထို့ပြင် အစိုးရဝန်ထမ်း သို့မဟုတ် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများတွင် အစုရှယ်ယာပါဝင်ခြင်း ကဲ့သို့သော စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုရှိနေပါက အဆိုပါ စီးပွားရေးလုပ်ငန်းကို ယုံကြည်စိတ်ချရသော အခြားသူတစ်ဦးထံသို့ တရားဝင်လွှဲပြောင်းပေးခြင်းဖြင့် အကျိုးစီးပွားပဋိပက္ခ အခြေအနေကို တားဆီးရန်ပြဋ္ဌာန်းထားသည်။ အကျိုးစီးပွားပဋိပက္ခ အခြေအနေကို စစ်ဆေးဖော်ထုတ် တွေ့ရှိရပါက ရာထူးမှ ထုတ်ပယ်ခြင်းကဲ့သို့သော စည်းမျဉ်း၊ စည်းကမ်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ပုဒ်မ ၁၁ (င) တွင် ပြဋ္ဌာန်းထားသည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးတွင် အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်နိုင်ရေးအတွက် ပိုင်ဆိုင်မှုကြေညာခြင်း၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသဖြင့် ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ (၈) တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ စာရင်းကို သက်ဆိုင်ရာ ဌာနသို့တင်သွင်းရန် တာဝန်ရှိသည်။ ပိုင်ဆိုင်မှုကြေညာခြင်းကို ပျက်ကွက်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများအနေဖြင့် ပိုင်ဆိုင်မှုကြေညာခြင်းပါ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရန်ဖြစ်ပြီး လိုအပ်သည့် အချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာရန် ဖြစ်သည်။

**ပိုင်ဆိုင်မှုကြေညာခြင်း ညွှန်ကြားချက်**

ရုရှားနိုင်ငံတွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၏ ပိုင်ဆိုင်မှုကြေညာခြင်းနှင့် စပ်လျဉ်း၍ အမိန့်ကြေညာချက်တစ်ခုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်အရ အများပြည်သူဆိုင်ရာဌာနများတွင် တာဝန်ထမ်းဆောင်ရန် လျှောက်ထားသူများ၊ တာဝန်ထမ်းဆောင်ရသူများနှင့် ၎င်းတို့၏ အိမ်ထောင်ဖက်များ၊ အမွေစားအမွေခံ သားသမီးများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှု၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၃၀ ရက်အတွင်း တင်ပြသွားရန် ဖြစ်သည်။

ပိုင်ဆိုင်မှုကြေညာထားသည့် ဝန်ထမ်းများ၏ အချက်အလက်များကို http:// state. Kremlin. ru/president/income/administration/incomes တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ၏ စာရင်းများအရ အများပြည်သူဆိုင်ရာ အရာရှိ ၇၉၁၇၃၈ ဦးတို့အနေဖြင့် ပိုင်ဆိုင်မှုကြေညာထားသည်ကို တွေ့ရသည်။

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး**

ရုရှားနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းသို့ ၂၀၀၆ ခုနှစ် မတ် ၈ ရက်တွင် အတည်ပြုဝင်ရောက်ထားသည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (TI) နှင့်လည်း နီးကပ်သည့် ဆက်ဆံရေး တည်ဆောက်ထားနိုင်ပြီး TI ရုံးခွဲကို ၁၉၉၃ ခုနှစ်ကတည်းက ရုရှားတွင် ဖွင့်လှစ်ထားနိုင်ခဲ့ပြီး အဖွဲ့အစည်းပေါင်း ၁၀၀ နှင့်လက်တွဲ၍ အဂတိ

*စာမျက်နှာ ၁၁ သို့*

> ❄ **အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၀ တွင် အစိုးရဝန်ထမ်းများနှင့် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် အများပြည်သူ အကျိုးစီးပွား သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် ရောထွေးဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင် ပြည်သူ့ဘဏ္ဍာငွေ၊ ပြည်သူပိုင်ပစ္စည်းများနှင့် အခြားဘေးကိစ္စရပ်များတွင် ကိုယ်ကျိုးစီးပွားများ ဦးတည်ဆောင်ရွက်ခြင်းဖြင့် အကျိုးစီးပွား ပဋိပက္ခအခြေအနေကို ဖြစ်ပေါ်စေသည်ဟု ဖော်ပြထား**

# သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသဝမ်းစာဖူလုံရေး၊ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန်လိုအပ်

**နေပြည်တော် မေ ၄**

မျက်မှောက်ခေတ်၏ ပြောင်းလဲလာသော စားသောက်မှုပုံစံများနှင့်အတူ အသားစားသုံးမှု တိုးတက်လာသဖြင့် အသားငါးလိုအပ်ချက် မြင့်မားလျက်ရှိကြောင်း၊ အခြားတစ်ဖက်တွင်လည်း လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ တိရစ္ဆာန်အစာရရှိနိုင်မှု အခြေခံကောင်းများလည်း ရှိနေရာ မွေးမြူရေးကဏ္ဍ တိုးချဲ့လုပ်ကိုင်နိုင်သည့် အခြေအနေကောင်းများ ရှိနေကြောင်း၊ ယင်းကဲ့သို့သော ဈေးကွက်လိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှု အခွင့်အလမ်းများကို အမိအရဆုပ်ကိုင် ကြိုးပမ်းကြရန် တိုက်တွန်းကြောင်း မေ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် MICT Park အဆောင်(၁၂)၌ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာမြဟန်က ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ဘဲ မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးအစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ နို့လုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ဝက်မွေးမြူသူများအသင်း၊ မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း၊ တိရစ္ဆာန်ဆေးဝါး၊ လုပ်ငန်းသုံးပစ္စည်းကိရိယာထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူသူများသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များကို ဒုတိယဝန်ကြီးက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသဝမ်းစာဖူလုံရေး၊ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်နေမှု၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် လုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ် ထွန်းကားလာစေရေးအတွက် အသေးစား မွေးမြူရေးလုပ်ကိုင်သူများနှင့် မွေးမြူရေးခြံတည်ထောင် ဆောင်ရွက်လုပ်ကိုင်လိုသူများအား လက်တွဲခေါ်ယူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေးဆောင်ရွက်ခြင်း စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ အစားအစာဘေးကင်းလုံခြုံရေး၊ တိရစ္ဆာန်ကူးစက်ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြည့်ကြိုတင် ကာကွယ်ရေး လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။




မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် သာကေတမြို့ Grand Wynn Manufacturing ကုမ္ပဏီလီမိတက်၏ ရေထွက်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် ကုန်ချောထုတ်လုပ်မှုအခြေအနေနှင့် မိကျောင်းမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သာကေတမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ပဋိဇီဝပိုးသတ်ဆေး ဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေး ဓာတ်ခွဲခန်း၏ ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများ၊ အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများ၊ နိုင်ငံတကာတရားဝင် အသိအမှတ်ပြု ဓာတ်ခွဲခန်း ထောက်ခံချက် (ISO/IEC 17025;2017) Accreditation Committee အား Testing Parameter ၁၆ မျိုးဖြင့် ဧပြီ ၂၁ ရက်မှ ၂၀၂၇ ခုနှစ် ဧပြီ ၂၀ ရက်အထိ လေးနှစ်ကြာ သက်တမ်းတိုးရရှိပြီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးဆိုင်ရာ အစီအမံများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ( ၇၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဗီနိုင်းဆိုင်းဘုတ်စိုက်ထူ

**ကန့်ဘလူ မေ ၄**

( ၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် မေ ၃ ရက်က ကန့်ဘလူမြို့နယ် မီးသတ်စခန်းရှေ့မျက်နှာစာ၌ ဗီနိုင်းဆိုင်းဘုတ်စိုက်ထူခြင်း၊ သွေးလှူဒါန်းခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။ **အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

---

*စာမျက်နှာ ၁၀ မှ*

လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် Kaliningrad, Saint Petersburg, Moscow, Yekaterin burg နှင့် Barnaul တို့တွင် TI ရုံးခွဲများ ဖွင့်လှစ်ထားသည်။

**ရလဒ်များ**

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၏ ၂၀၂၁ ခုနှစ်အတွက် ထုတ်ပြန်သည့် အဂတိလိုက်စားမှုအညွှန်းကိန်း (Corruption Perception Index _ CPI) တွင် ရုရှားနိုင်ငံ၏ ရမှတ်များကို လေ့လာကြည့်ပါက အောက်ပါအတိုင်း တွေ့ရသည်-

ပုံ-၁ ရုရှားနိုင်ငံ၏ CPI ရမှတ်များ ( 0 သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဆိုးဆုံးဖြစ်၍ ၁၀၀ သည် အကောင်းဆုံးဖြစ်သည်)




ပုံ (၁)

**ကမ္ဘာ့ဘဏ်၏ အဂတိလိုက်စားမှု ထိန်းချုပ်နိုင်မှု အညွှန်းကိန်းရလဒ်**

ကမ္ဘာ့ဘဏ်၏ အဂတိလိုက်စားမှု ထိန်းချုပ်နိုင်မှု အညွှန်းကိန်းရလဒ်များကို လေ့လာကြည့်မည်ဆိုပါကလည်း ရုရှားနိုင်ငံသည် အဂတိလိုက်စားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်-

ပုံ-၂ ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှုထိန်းချုပ်နိုင်မှု ရမှတ်များ (၁၀၀ သည် အဂတိလိုက်စားမှုထိန်းချုပ်နိုင်မှု အကောင်းဆုံးဖြစ်၍ ၀ သည် ထိန်းချုပ်နိုင်မှုမရှိခြင်းကို ဖော်ပြသည်)




ပုံ (၂)

**နိုင်ငံတကာလေ့လာ**

မိမိတို့ မြန်မာနိုင်ငံတွင်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပြဋ္ဌာန်းပြီးဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ ရုရှားနိုင်ငံကဲ့သို့သော စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးစသည်ဖြင့် အဘက်ဘက်မှ ပြည့်စုံသည့် နိုင်ငံပင်လျှင် အဂတိလိုက်စားမှုများကို တွန်းလှန်တိုက်ဖျက်နေရဆဲဖြစ်သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများ၏ ဆောင်ရွက်မှုများကို အစဉ်လေ့လာ၍ မိမိနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် နမူနာယူသင့်သည်များ ရယူနိုင်ရေး ရေးသားပြုစုတင်ပြလိုက်ရပါသည်။ ။

*ကိုးကား-*

-https://anticor.hse.ru/

-https://www.dlapiper.com/en-us

-https://www.transparency.org/en/

-https://www.unodc.org/unodc/en/

-https://www.worldbank.org/en/who-we-are

-အခြားအချက်အလက်များ

**အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တွင် အကျိုးစီးပွားပဋိပက္ခ အခြေအနေများကို တားဆီးကာကွယ်နိုင်ရေးအတွက် အစိုးရဌာန အဖွဲ့အစည်းများအတွင်း ရာထူးတိုးမြှင့်ခြင်းကဲ့သို့သော ရပိုင်ခွင့်များနှင့် ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေခြင်းတို့တွင် အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရန် လိုအပ်သော မူဝါဒလုပ်ထုံးလုပ်နည်းများ ချမှတ်ထားရန် ပြဋ္ဌာန်းထား**

## ချင်းပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၄**

ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် အစည်းအဝေး တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**သတင်းစဉ်**

## မင်းလှမြို့၌ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်စေရန် Mask Campaign ဆောင်ရွက်

**မင်းလှ မေ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုန့်ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်သူများ နှာခေါင်းစည်းတပ်ဆင်စေရန် Mask Campaign ဆောင်ရွက်ခြင်းကို မေ ၄ ရက်နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူစည်ကားရာနေရာများဖြစ်သည့် မင်းလှမြို့မဈေးနှင့် စစ်ကွင်းဈေးတို့၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က ဈေးရောင်း ဈေးဝယ် သွားလာကြသူများနှင့် လမ်းသွား လမ်းလာပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး၍ နှာခေါင်းစည်းတပ်ဆင်စေခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းကျေးရွာနေ ချိုသန္တာထွန်း (ခ) ချစ်ဆုသည် ၎င်းအသုံးပြုသည့် “Chit Su” Facebook အကောင့်နှင့် မြင်းခြံမြို့နယ် အမှတ် (၁) ရပ်ကွက်နေ ကေသွယ်ဦးသည် ၎င်းအသုံးပြုသည့် “Kay Thwe Oo” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့မှ ဒုရဲမှူး ဦးဆောင်သောအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် မေတ္တာလမ်းအနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Toyota Harrier မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၅၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ မေ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Vacuum Cup ၉၅ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၅၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈,၅၀၀,၀၀၀ ကို



ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ သထုံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Used Tyres အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၅၀၀,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mistubishi Fuso မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈,၅၀၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၃ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က သံလွင်တံတား (မော်လမြိုင်) ဘက်ခြမ်း၌ စုပုံထားသော ယိုးဒယားနိုင်ငံထုတ် စားသုံးဆီများအား မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ပုစွန်နှစ်ကောင် အဆင့်မြင့်စားအုန်းဆီ ၉၆၀ လီတာ အပါအဝင် စားသုံးဆီ လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁,၂၆၅,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက မေ ၃ ရက်တွင် တောင်ငူခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ် ၂၈ ဒသမ ၄၆၅ တန်နှင့် သစ်မာ ၄ ဒသမ ၀၈၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂,၁၉၃,၁၇၈) ကိုလည်းကောင်း၊ မေ ၄ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁၄ ဒသမ ၈၀၃ တန်နှင့် သစ်မာ ၃ ဒသမ ၇၆၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉,၁၇၉,၉၃၂) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁,၃၇၃,၁၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

သို့ဖြစ်ပါ၍ မေ ၁ ရက်၊ ၃ ရက်နှင့် ၄ ရက် တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃,၁၃၈,၁၁၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ်တွင် အစားအသောက် အရေးပေါ်လိုအပ်သည့် လူပေါင်း ၂၅၈ သန်းရှိသည်ဟု ကုလအစီရင်ခံစာတွင် ဖော်ပြ

**ဂျီနီဗာ မေ ၄**

ပဋိပက္ခများ၊ ရာသီဥတုဖောက်ပြန်မှုနှင့် ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုများကြောင့် အစားအသောက်၊ အာဟာရနှင့် အသက်မွေးဝမ်းကျောင်း အကူအညီ လိုအပ်သည့် လူဦးရေမှာ ၂၀၂၂ ခုနှစ်တွင် လေးနှစ်ဆက်တိုက် များပြားလာခဲ့သည်ဟု မေ ၃ ရက်တွင် ကုလသမဂ္ဂနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အစီရင်ခံစာအရ သိရသည်။ နိုင်ငံပေါင်း ၅၈ နိုင်ငံမှ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၂၅၈ သန်းမှာ ဆာလောင်မွတ်သိပ်မှုနှင့် ကြုံတွေ့နေရသည်ဟု အစားအသောက် ပြဿနာနှင့် ပတ်သက်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တစ်ဘီလီယံ၏ လူဦးရေ လေးပုံတစ်ပုံမှာ ဆာလောင်မှုကို ခံစားနေရပြီး ၎င်းတို့ထဲမှ အချို့မှာ ငတ်ပြတ်မှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရတော့မည်ဟု ဖော်ပြထားသည်။ အာဖဂန်နစ္စတန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အီသီယိုပီးယား၊ နိုင်ဂျီးရီးယားနှင့် ယီမင်နိုင်ငံတို့တွင် လူပေါင်း ၄၀ ရာခိုင်နှုန်းမှာ ပဋိပက္ခများနှင့် ဆိုးရွားသော အခြေအနေများတွင် နေထိုင်နေရသည်။

ပြီးခဲ့သည့် နှစ်အတွင်း ဆိုမာလီနိုင်ငံသား ၆၀ ရာခိုင်နှုန်းမှာ ငတ်ပြတ်မှုနှင့် ဆင်းရဲချို့တဲ့မှုများအောက်တွင် နေထိုင်နေရသည်။ အသက်ငါးနှစ်အောက် ကလေးငယ် ၃၅သန်းမှာလည်း အာဟာရချို့တဲ့မှုကို ခံစားနေရသည်။ ပဋိပက္ခဖြစ်ပွားမှုများနှင့် ရာသီဥတု ဖောက်ပြန်မှုများကြောင့် အစားအသောက် လုံခြုံစိတ်ချရမှုမရှိခြင်းနှင့် အာဟာရချို့တဲ့မှုများကို ဖြစ်ပွားစေသည်။

ဆင်ဟွာ



ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ တန်ဂနီကာပြည်နယ်မှ အမျိုးသမီးတစ်ဦးနှင့် အာဟာရချို့တဲ့နေသည့် ၎င်း၏ ကလေးတစ်ဦးကို တွေ့ရစဉ်။

## ရဝမ်ဒါနှင့် ယူဂန္ဒာနိုင်ငံတို့တွင် ရေကြီး မြေပြိုမှုများကြောင့် လူပေါင်း ရာကျော် သေဆုံး

**ကီဂါလီ မေ ၄**

အာဖရိက အရှေ့ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်သော ရဝမ်ဒါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၂၇ ဦး သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၃ ရက်က ပြောကြားလိုက်သည်။



ရဝမ်ဒါတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားနှင့် လမ်းများ ရေစီးထဲ မျောပါသွားသည်ကို တွေ့ရစဉ်။

ကယ်ဆယ်ရေး လုပ်သားများသည် ဒေသခံများ၏အသက်ကို ကယ်တင်ရန် အပူတပြင်းဆောင်ရွက်လျက်ရှိပြီး ပျောက်ဆုံးသူများကိုလည်း ရှာဖွေလျက်ရှိသည်။

ရေကြီးခြင်းကြောင့် အိုးအိမ်များပျက်စီးသွားပုံကို ရုပ်သံဖိုင်တွင် တွေ့မြင်နိုင်သည်။ ထို့အတူ လူများသည်လည်း ခါးအထိနက်သော ရေထဲတွင် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ယူဆောင်သွားလာနေသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။

ရဝမ်ဒါနှင့် နယ်စပ်ချင်း ထိစပ်လျက်ရှိသော ယူဂန္ဒာတွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ကြောင်း ကြက်ခြေနီအဖွဲ့က မေ ၃ ရက်က ဖော်ပြခဲ့သည်။

ရဝမ်ဒါနှင့် ယူဂန္ဒာနိုင်ငံများတွင် မတ်လနှောင်းပိုင်းကတည်းက မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပဋိပက္ခဖြစ်ပွားနေသည့် ဆူဒန်နိုင်ငံမှ နိုင်ဂျီးရီးယားနိုင်ငံသား ၃၇၆ ဦး နေရပ်သို့ ပြန်လည်ရောက်ရှိ

**အဘူဂျာ မေ ၄**

ပဋိပက္ခဖြစ်ပွားနေသည့် ဆူဒန်နိုင်ငံတွင် သောင်တင်နေသည့် နိုင်ဂျီးရီးယားနိုင်ငံသားများ ပထမအသုတ်အဖြစ် မြို့တော်အဘူဂျာသို့ မေ ၃ ရက်တွင် ပြန်လည်ရောက်ရှိလာကြပြီဟု သိရသည်။ နိုင်ဂျီးရီးယားနိုင်ငံသား ၃၇၆ ဦးကို လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ပြီး အဘူဂျာမြို့လေဆိပ်တွင် အာဏာပိုင်များက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

လွန်ခဲ့သည့် သီတင်းပတ်မှစတင်ကာ ဆူဒန်နိုင်ငံသို့ ရောက်ရှိနေသည့် ၎င်းတို့၏ နိုင်ငံသားများကို ပြန်လည်ခေါ်ယူမှု စတင်ပြုလုပ်ခဲ့သည်။ ဆူဒန်တွင်သောင်တင်နေသည့် နိုင်ဂျီးရီးယား နိုင်ငံသားများကို ပြန်လည်ခေါ်ယူမှု ဆက်လက်လုပ်ဆောင်မည်ဖြစ်ပြီး နောက်ထပ် လေယာဉ် လေးစင်းဖြင့် ပြန်လည်ခေါ်ယူမှုများ ပြုလုပ်သွားမည်ဟု အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီမှ အကြီးအကဲဖြစ်သူ မူစတာဖာအာမက် က ပြောသည်။

ဆင်ဟွာ



## ဆားဘီးယားနိုင်ငံ စာသင်ကျောင်း၌ အသက် ၁၃ နှစ်အရွယ် လူငယ်တစ်ဦး၏ သေနတ်ပစ်ခတ်မှုကြောင့် ကိုးဦး သေဆုံး

**ဘဲလ်ဂရိတ် မေ ၄**

ဆားဘီးယားနိုင်ငံ မြို့တော် ဘဲလ်ဂရိတ်ရှိ စာသင်ကျောင်း တစ်ကျောင်းတွင် မေ ၃ ရက်က အသက် ၁၃ နှစ် အရွယ် လူငယ်တစ်ဦး၏ သေနတ်ပစ်ခတ်မှုကြောင့် လူ ကိုးဦး ထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။ သေဆုံးသူများထဲတွင် ကျောင်းသား ကျောင်းသူ ရှစ်ဦး ပါဝင်သည်ဟု သိရသည်။ နံနက် ၈ နာရီဝန်းကျင်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စာသင်ခန်းအတွင်းနှင့် အခြားသော နေရာများသို့ ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများထဲတွင် လုံခြုံရေး တစ်ဦးလည်း ပါဝင်ခဲ့သည်။ ကျောင်းသား ခြောက်ဦးနှင့် ဆရာ တစ်ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတွင် ကုသမှု ခံယူနေရသည်။ သေနတ်ဖြင့် ပစ်ခတ်သူ ကိုယ်တိုင် ရဲများကို အကြောင်းကြားခဲ့ပြီး ကျောင်းဝင်းအတွင်း၌ပင် အဖမ်းခံခဲ့သည်ဟု နိုင်ငံခြားမီဒီယာများတွင် ဖော်ပြကြသည်။



သေနတ်ပစ်ခတ်မှုအပြီး ကျောင်းသူတစ်ဦးကို နှစ်သိမ့်ပေးနေသည့် မိခင်တစ်ဦးကို တွေ့ရစဉ်။

အဆိုပါသေနတ်မှာ ပစ်ခတ်သူ၏ ဖခင်ပိုင်ဆိုင်သည့် သေနတ်ဖြစ်သည်။ အဆိုပါ ပစ်ခတ်သူ၏ လှုပ်ရှားမှုများကို ရဲများက အသေးစိတ် စုံစမ်းစစ်ဆေးလျက်ရှိသည်။ စာသင်ကျောင်းအတွင်း ပစ်ခတ်မှုဖြစ်ပွားခြင်းမှာ ဆားဘီးယားနိုင်ငံတွင် ရှားပါးသည့် ဖြစ်ရပ်ဖြစ်ကြောင်း နိုင်ငံခြား မီဒီယာများတွင် ဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**

## အီဂျစ်နိုင်ငံ အနောက်တောင်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား၊ ၁၇ ဦးသေဆုံး

**ကိုင်ရို မေ ၄**

အီဂျစ်နိုင်ငံ အနောက်တောင်ပိုင်း နယူးဗယ်လီပြည်နယ်တွင် မေ ၃ ရက်နှောင်းပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့ တိုက်မိခြင်းကြောင့် ၁၇ ဦးထက်မနည်း သေဆုံးပြီး အခြား ၂၉ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံ၏ ကျန်းမာရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မေ ၄ ရက်တွင် ပြောကြားသည်။

လူ ၄၅ ဦး တင်ဆောင်လာသည့် ကိုင်ရိုမြို့သို့ ဦးတည်လာသော ဘတ်စ်ကားသည် အယ်လ်-နက်ဒေသရှိ အယ်လ်-ချာဂါ- အက်ဆက် လမ်းပေါ်တွင် ရပ်တန့်ရန် တဖြည်းဖြည်းရွေ့လျားနေသည့် ထရပ်ကားကို တိုက်မိခဲ့ကြောင်း မေ ၄ ရက် နံနက်အစောပိုင်းက ထုတ်ပြန်ထားသည်။ ဒဏ်ရာရသူများကို နီးစပ်ရာ အစိုးရဆေးရုံများသို့ ပို့ဆောင်ပေးရန်အတွက် အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်လူနာတင်ယာဉ် ၁၇ စီး ရောက်ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နှစ်စဉ်အီဂျစ်နိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ထောင်ချီ သေဆုံးခဲ့ရကြောင်း၊ ယာဉ်မတော်တဆမှုဖြစ်သည့် အများစုမှာ အရှိန်လွန်ခြင်း၊ လမ်းများ ပြုပြင်ထိန်းသိမ်းမှု ညံ့ဖျင်းခြင်းနှင့် လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# အုပ်စုအဖွင့်ပွဲတွင် ဖိလစ်ပိုင်ကို အနိုင်ရ၍ ဝမ်းသာမိကြောင်း မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ပြောကြား

**ရန်ကုန် မေ ၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယူကီက မေ ၃ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမပွဲတွင် ဖိလစ်ပိုင်ကို အနိုင်ရခဲ့သဖြင့် ဝမ်းသာမိကြောင်း ပြောကြားခဲ့သည်။



နည်းပြချုပ် တက်ဆုရှိ ယူကီက "ဖိလစ်ပိုင်အသင်းကို အနိုင်ရခဲ့လို့ တကယ့်ကို ဝမ်းသာပါတယ်။ တီဗွီကနေကြည့်ရှုနေမယ့် ပရိသတ်ရော ကွင်းအထိလာအားပေးတဲ့ ပရိသတ်တွေ အကုန်လုံးပါ အထူးကျေးဇူးတင်ပါတယ်။ ဒီနိုင်ပွဲရဲ့နောက်မှာ ထောက်ပံ့ကူညီမှုတွေ အများကြီးပေးခဲ့တဲ့ နည်းပြအဖွဲ့နဲ့ အဖွဲ့ချုပ်က ဝန်ထမ်းတွေရဲ့ အားတွေကြောင့် အခုလိုအနိုင်ရခဲ့တယ်လို့ ယုံကြည်ပါတယ်။ ဒီပွဲအပြီးမှာ ကစားသမားတွေကိုပြန်ပြီး Recovery ဖြစ်ဖို့ကို အရင်ဆုံး အာရုံစိုက်ပါမယ်။ ဗီယက်နမ်အသင်းနဲ့ ပွဲအတွက်ကိုတော့ ဒီနေ့ပွဲလိုပဲ နည်းပြအဖွဲ့တွေ ထောက်ပံ့ပေးမယ့် အချက်အလက်တွေအပေါ်မှာ ကစားသမားတွေ ကိုက်ညီတဲ့ စနစ်တစ်ခုနဲ့ ချဉ်းကပ်သွားပါမယ်" ဟု ဖိလစ်ပိုင်အသင်းနှင့် ပွဲပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်အသင်းသည် ယခုနှစ် အနည်းငယ်အတွင်း များစွာတိုးတက်လာသည့်အသင်းဖြစ်ပြီး ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်စွဲထားကာ ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရခဲ့သည့်အသင်းလည်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ–MFF**

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၄ - ၅ - ၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ကမ္ဘောဒီးယား | ၅ | ၄ | ၀ | ၉ |
| ၂ | ဖိလစ်ပိုင် | ၂ | ၂ | ၃ | ၇ |
| ၃ | ထိုင်း | ၁ | ၁ | ၁ | ၃ |
| ၄ | လာအို | ၁ | ၀ | ၃ | ၄ |
| ၅ | အင်ဒိုနီးရှား | ၀ | ၁ | ၅ | ၆ |
| ၆ | မြန်မာ | ၀ | ၁ | ၃ | ၄ |
| ၇ | ဗီယက်နမ် | ၀ | ၀ | ၃ | ၃ |
| ၈ | ဘရူနိုင်း | ၀ | ၀ | ၀ | ၀ |
| ၉ | မလေးရှား | ၀ | ၀ | ၀ | ၀ |
| ၁၀ | စင်ကာပူ | ၀ | ၀ | ၀ | ၀ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

ကျော်လင်း–စုစည်းသည်

❐ *ကျောဖုံးမှ*

လည်းဖြစ်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အားကစားနည်းများကို ဧပြီလကုန်ပိုင်းကတည်းက စတင်ကျင်းပနေသော်လည်း မေ ၄ ရက်မှသာ ဆုတံဆိပ်များ စတင်ချီးမြှင့်ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ပြိုင်ပွဲအမျိုးအစားလေးခုတွင် ဆုတံဆိပ် လေးခုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်း Bokator Spirit Form ပြိုင်ပွဲတွင် နီလာစိုးဦးက ငွေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားက ရွှေတံဆိပ်၊ ဖိလစ်ပိုင်က ကြေးတံဆိပ်ရရှိခဲ့သည်။ အမျိုးသား တစ်ဦးချင်း Bokator Spirit Form ပြိုင်ပွဲတွင် လှိုင်ချစ်ဦးက ကြေးတံဆိပ်၊ ကမ္ဘောဒီးယားက ရွှေတံဆိပ်၊ အင်ဒိုနီးရှားက ငွေတံဆိပ်၊ အမျိုးသမီးတစ်ဦးချင်း Bokator Spirit Form ပြိုင်ပွဲတွင် မြတ်နိုးဝေက အင်ဒိုနီးရှားကစားသမားနှင့် ပူးတွဲကြေးတံဆိပ်၊ ဖိလစ်ပိုင်က ရွှေတံဆိပ်၊ ကမ္ဘောဒီးယားက ငွေတံဆိပ်၊ အမျိုးသားတစ်ဦးချင်း Bare Hand Form ပြိုင်ပွဲတွင် ခန့်လွန်းဇော်က အင်ဒိုနီးရှားကစားသမားနှင့် ပူးတွဲကြေးတံဆိပ်၊ လာအိုက ရွှေတံဆိပ်၊ ကမ္ဘောဒီးယားက ငွေတံဆိပ်ရရှိခဲ့သည်။ **ကိုညီလေး**

### (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးအသင်း အုပ်စု (က) ရပ်တည်မှု

| စဉ် | အသင်း | ပွဲစဉ် | အနိုင် | သရေ | အရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | အင်ဒိုနီးရှား | ၂ | ၂ | ၀ | ၀ | ၆ |
| ၂ | ကမ္ဘောဒီးယား | ၂ | ၁ | ၁ | ၀ | ၄ |
| ၃ | တီမောလက်စ်တေ | ၃ | ၁ | ၀ | ၂ | ၃ |
| ၄ | မြန်မာ | ၂ | ၁ | ၀ | ၁ | ၃ |
| ၅ | ဖိလစ်ပိုင် | ၃ | ၀ | ၁ | ၂ | ၁ |

### (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးအသင်း အုပ်စု (က) ရပ်တည်မှု

| စဉ် | အသင်း | ပွဲစဉ် | အနိုင် | သရေ | အရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁ | ၁ | ၀ | ၀ | ၃ |
| ၂ | မြန်မာ | ၁ | ၁ | ၀ | ၀ | ၃ |
| ၃ | ဖိလစ်ပိုင် | ၁ | ၀ | ၀ | ၁ | ၀ |
| ၄ | မလေးရှား | ၁ | ၀ | ၀ | ၁ | ၀ |

# ပယ်နယ်တီကန်ခွင့်ပေးခဲ့သဖြင့် အသင်းဖော်များကို ကျေးဇူးတင်ကြောင်း ဝင်းသိင်္ဂီထွန်း ပြောကြား

**ရန်ကုန် မေ ၄**

မေ ၃ ရက်က ယှဉ်ပြိုင်ကစားသည့် ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့တွင် ဖိလစ်ပိုင်အသင်းဘက်သို့ အနိုင်ဂိုးသွင်းယူခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ယုံကြည်မှု အပြည့်ဖြင့် ပယ်နယ်တီ ကန်ခွင့်ပေးခဲ့သဖြင့် အသင်းဖော်များကိုကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။



ဓာတ်ပုံ – seagames2023

ဝင်းသိင်္ဂီထွန်းက "ဒီနေ့ပွဲမှာ အသင်းသားတွေနဲ့အတူ ပွဲချိန် မိနစ် ၉၀ အပြည့် အာရုံစိုက် ကစားခဲ့ပါတယ်။ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရတဲ့ အသင်းဖြစ်လို့ တလေးတစားနဲ့ ကျွန်တော်တို့ ယှဉ်ပြိုင်ခဲ့ကြပါတယ်။ နောက်ဆုံးကန်ခဲ့တဲ့ ပင်နယ်တီလွဲထားတဲ့ ကျွန်တော့်ကို ယုံယုံကြည်ကြည် ကန်သွင်းခွင့်ပေးခဲ့တဲ့ အသင်းဖော်တွေ အားလုံးကြောင့် ဒီဂိုးကိုသွင်းနိုင်ခဲ့တာပါ။ ကျွန်တော်တို့ နည်းပြဆရာ အဖွဲ့နဲ့ ကစားသမားတွေအတူ အနိုင် ရလဒ်ကို ရယူနိုင်ခဲ့လို့ အရမ်းပျော်ပါတယ်" ဟု အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် ဝင်းသိင်္ဂီထွန်းက ဖိလစ်ပိုင်အသင်းနှင့် ပွဲပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **ရဲရင့်လွင်**

# ဆီးဂိမ်းအမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်း မလေးရှားကို ရှုံးနိမ့်

**ရန်ကုန် မေ ၄**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို မေ ၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲဆက်ခဲ့သည်။

အုပ်စုဒုတိယနေ့တွင် မလေးရှားအသင်းက မြန်မာအသင်းကို သုံးပွဲ–တစ်ပွဲ၊ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို သုံးပွဲ–တစ်ပွဲ၊ အင်ဒိုနီးရှားအသင်းက စင်ကာပူအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် အနိုင်ရသော်လည်း ပွဲငယ်သုံးပွဲဆက်တိုက် ပြန်လည်ရှုံးနိမ့်ခဲ့သဖြင့် ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၂၅–၂၁ မှတ်ဖြင့်အနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် ၂၁–၂၅ မှတ်၊ တတိယပွဲငယ်တွင် ၁၄–၂၅ မှတ်၊ စတုတ္ထပွဲငယ်တွင် ၂၀–၂၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ဆုံးရှုံးသွားပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၆ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အင်ဒိုနီးရှားကို ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် မေ ၄**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု (က) တတိယနေ့ကို မေ ၄ ရက်က ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားနှင့် တီမောအသင်း အနိုင်ရပြီး မြန်မာအသင်း ရှုံးပွဲ ကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုးပြတ် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ လိုအပ်ချက်၊ အားနည်းချက်များရှိနေသည့် မြန်မာအသင်းသည် အင်ဒိုနီးရှားကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်အရှုံးပေးခဲ့ရသည်။ မြန်မာအသင်းသည် ယခုပွဲရလဒ်ကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

အုပ်စု (က) အခြားပွဲတွင် တီမောအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား လေးမှတ်၊ တီမောနှင့် မြန်မာအသင်းက နှစ်ပွဲကစား သုံးမှတ်စီ၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား တစ်မှတ်ရရှိထားသည်။

**ရဲရင့်လွင်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈) ရာခိုင်နှုန်းရှိ

**(၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၀၇,၈၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၄၅၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအားဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၂၅ | ၁၉၂၀ | ၁၈၈၅ | ၁၉၂၅ | ၁၉၄၅ | ၁၉၃၀ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၅ | ၁၉၁၅ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၀ | ၁၉၆၅ | ၂၁၉၅ | ၂၈၁၀ |
| 95 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၅ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၈၅ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၅၅ | ၁၈၅၀ | ၁၈၁၅ | ၁၈၅၅ | ၁၈၇၅ | ၁၈၇၀ | ၁၈၄၀ | ၁၉၆၀ | ၁၉၅၅ | ၁၈၄၅ | ၁၈၅၅ | ၁၈၉၀ | ၁၈၉၀ | ၁၈၉၅ | ၂၁၂၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၈၈၅ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၅၀ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၂၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၂၀၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၈၈၅ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၅၀ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၂၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၂၀၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၇၅ | ၁၈၄၄ |
| 95 Ron | ၁၈၄၄ | ၁၉၁၅ |
| HSD (500 ppm) | ၁၇၁၁ | ၁၇၇၄ |
| HSD (50 ppm) | ၁၇၈၅ | ၁၈၅၀ |
| HSD (10 ppm) | ၁၇၈၅ | ၁၈၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

◆ *ကျောဖုံးမှ*

ယခုပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၁ ပွဲ ကျင်းပမည်ဖြစ်ပြီး အဓိက တွဲဆိုင်းအဖြစ် ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ဂျွန်ဆင် (အမေရိကန်) နှင့် စိန်ခေါ်သူ အက်ဒရီယာနို (ဘရာဇီး) ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ C0-Main Event များအဖြစ် မွေထိုင်းဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ရော့ထေင်း (ထိုင်း) နှင့် စိန်ခေါ်သူ အက်ဂါ (မက္ကဆီကို)၊ ဖလိုင်းဝိတ်တန်း Submission Grappling ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ မစ်ကီ (အမေရိကန်) နှင့် စိန်ခေါ်သူ အိုဆင်မန် (အီဂျစ်) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ စိန်ခေါ်ပွဲများအဖြစ် စတန့်(ထိုင်း) နှင့် အန်ဒါဆင် (အမေရိကန်)၊ ရော်ဘာတို (ခရိုအေးရှား)နှင့် ဇီဘာတီယန် (ဆွီဒင်)၊ အောင်လအန်ဆန် (မြန်မာ)နှင့် ဖန်ယုံ (တရုတ်)၊ ဆာဂီ (အမေရိကန်) နှင့် အာမက် (ပါကစ္စတန်)၊ ဘန်တန် (အမေရိကန်) နှင့် မာတင် (ဩစတြေးလျ)၊ ဒီရစ်ဒါ (နယ်သာလန်) နှင့် ရော့တိုလို (အမေရိကန်)၊ ကီရာယတ် (ကာဇက်စတန်) နှင့် ရီဆီမက္ကလာရင် (ဩစတြေးလျ)၊ လိုဝန် (အမေရိကန်) နှင့် အော့ရေးယွန်(တောင်ကိုရီးယား) ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အမေရိကန်နိုင်ငံတွင် ဒေသစံတော်ချိန် မေ ၅ ရက် ညပိုင်းတွင် ကျင်းပမည်ဖြစ်သောကြောင့် မြန်မာပရိသတ်များအနေဖြင့် မေ ၆ ရက် နံနက်အစောပိုင်းတွင် ကြည့်ရှုရမည်ဖြစ်သည်။

အောင်လအန်ဆန်သည် ယခုပွဲအနိုင်ရပါက ၎င်းလက်လွှတ်ထားရသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့် ရဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက်ပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး ဇန်နဝါရီက ဘရာဇီးနိုင်ငံသား ဂယ်မိုနှင့် ထိုးသတ်ခဲ့ရာ ပထမအချီမှာပင် အလဲထိုးအနိုင်ရခဲ့သည်။

ရဲရင့်လွင်

ဓာတ်ပုံ-အောင်လအန်ဆန် Facebook




# UMFCCI MSME Fair 2023 ပြပွဲကြီးသို့ လာရောက်ကြည့်ရှုလေ့လာနိုင်

**ရန်ကုန် မေ ၄**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မှ စီစဉ်သည့် "UMFCCI MSME Fair 2023" ကို မေ ၇ ရက်နှင့် ၈ ရက်တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် MSMEs လုပ်ငန်းရှင်များ၏ ပြည်တွင်းဖြစ် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ပြခန်းပေါင်း ၁၂၀ ကျော်ဖြင့် ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်အခွင့်အလမ်းများ လက်တွေ့ရရှိစေမည်ဖြစ်သည်။

စီးပွားရေးဆိုင်ရာ နည်းပညာ၊ အသိပညာဗဟုသုတများ ရရှိနိုင်မည့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များ၊ အသိပညာပေး ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည့်အပြင် MSMEs လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများအလိုက် ပစ္စည်းများခင်းကျင်းပြသပုံ၊ တီထွင်ဆန်းသစ်မှု၊ ထုပ်ပိုးမှုပုံစံ၊ ဝန်ဆောင်မှုအပေါ်မူတည်၍ MSME Outstanding Award ဆုချီးမြှင့်မည့် အစီအစဉ်များ၊ MSME အနုစ်သာရ ပေါ်လွင်စေမည့် ရိုးရာဝတ်စုံများဖြင့် ဖန်တီးပြသမည့် Fashion Show အစီအစဉ်များလည်း ပါဝင်မည်ဖြစ်၍ ကိုယ်တိုင်လာရောက်ကြည့်ရှုလေ့လာရန် UMFCCI က ဖိတ်ခေါ်ထားသည်။




ပြပွဲကြီးသို့ စိတ်ပါဝင်စားတက်ရောက်လိုသူများအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ် UMFCCI Website Link : https://bit.ly/3AReR81 တွင် အမည်စာရင်းများ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်းသိရသည်။

**ကိုရိုး**

# ရုရှားနိုင်ငံမှ ရေနံတင်ပို့မှု တစ်တန်လျှင် အခွန်အဖြစ် ၁၄ ဒေါ်လာကျော် ကောက်ခံမည်

**မော်စကို မေ ၄**

ရုရှားနိုင်ငံမှ ရေနံနှင့် ရေနံထွက်ကုန်ကြမ်းများတင်ပို့မှုအပေါ် အခွန်ကောက်ခံမှုသည် မေ ၁ ရက်မှစ၍ တစ်တန်လျှင် ၁၄ ဒသမ ၄ ဒေါ်လာသို့ ၁၀ ဆင့်(Cent) တိုးလာကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

မတ် ၁၅ ရက်မှ ဧပြီ ၁၄ ရက်အထိ ကာလအတွက် Urals ရေနံ၏ ပျမ်းမျှဈေးနှုန်းမှာ ရေနံတစ်စည်လျှင် ၅၁ ဒသမ ၁၅ ဒေါ်လာ သို့မဟုတ် တစ်တန်လျှင် ၃၇၃ ဒသမ ၄ ဒေါ်လာဖြစ်ကြောင်း၊ ရုရှားပို့ကုန် အမှတ်တံဆိပ်၏ ရေနံတစ်စည်သည် ၅၀ ဒသမ ၈ ဒေါ်လာဖြစ်ကြောင်း သိရသည်။

အပေါ့စားရေနံထွက်ပစ္စည်းနှင့် လောင်စာဆီတင်ပို့မှုအတွက် အခွန်ပမာဏမှာ တစ်တန်လျှင် ၄ ဒသမ ၂ အမေရိကန်ဒေါ်လာဖြစ်ပြီး စီးပွားဖြစ် လောင်စာဆီတင်ပို့မှုအတွက် အခွန်ပမာဏမှာ ၄ ဒသမ ၃ ဒေါ်လာ၊ သန့်စင်ပြီးအခြေခံရေနံထွက်ပစ္စည်းတင်ပို့မှုအတွက် အခွန်ပမာဏမှာ ၇ ဒသမ ၉ ဒေါ်လာဖြစ်သည်။ သဘာဝဓာတ်ငွေ့ရည်နှင့် သန့်စင်သော LPG ဓာတ်ငွေ့ရည်တင်ပို့မှုအတွက် အခွန်ပမာဏသည် မေ ၁ ရက်မှစ၍ မပြောင်းလဲဘဲ သုညအတိုင်းသာရှိနေမည်ဖြစ်ကြောင်း မော်စကိုမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

# စက်မှုဇုန်များအတွက် စက်သုံးဆီဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးဆွေးနွေး

**ရန်ကုန် မေ ၄**

စက်မှုဇုန်များအတွက် စက်သုံးဆီဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ နောက်ဆုံးရက်က ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပခဲ့ရာ စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညွန့်အောင်က အမှာစကား ပြောကြားခဲ့ပြီး ကော်မတီအတွင်းရေးမှူး ဦးမိုးမြင့်က စက်မှုဇုန်များ၏ စက်သုံးဆီလိုအပ်ချက်ဆိုင်ရာ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲတွင် ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က အသင်းချုပ်အနေဖြင့် စက်မှုဇုန်များ



စက်သုံးဆီများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် အသင်းချုပ်တွင် စက်သုံးဆီလွယ်ကူ ချောမွေ့စွာဝယ်ယူရရှိနိုင်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိကာ အသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌဦးအေးထွန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

Google Sheet အသုံးပြု၍ စက်သုံးဆီ ဝယ်ယူလျှောက်ထားရန် သတ်မှတ်ထားရှိပြီး နှစ်ပတ်တာကာလအတွင်း စက်မှုဇုန်တွင်းနှင့် ဇုန်ပြင်ပလုပ်ငန်းများတွင် စက်သုံးဆီရရှိမှုမှာ ပိုမိုအဆင်ပြေလာသည်ဟု ကြားသိရပါကြောင်း၊ ဇုန်ပြင်ပမှ လုပ်ငန်းများအနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာအသင်းအဖွဲ့ ထောက်ခံချက်ရယူ ၍ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) တွင် လျှောက်ထားပြီး ကုန်သည်စက်မှုအသင်းချုပ်မှ အချက်အလက်များ စုစည်းတင်ပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေါ်ခိုင်ခိုင်နွယ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုဇုန်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိကိုယ်စားလှယ်များက စက်သုံးဆီဝယ်ယူရာ၌ ကြုံတွေ့ရသည့် အခြေအနေ၊ အခက်အခဲများနှင့် အကြံပြုချက်များကိုလည်း တင်ပြဆွေးနွေးခဲ့ကြသည်။

**ကိုရိုး**

# တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေး တည်ငြိမ်ခိုင်မာမှု ဆက်လက်ယိုယွင်းနေနိုင်

**ဆိုးလ် မေ ၄**

တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် နိုင်ငံ၏ကြွေးမြီပါဝင်မှုအချိုးသည် စိုးရိမ်ဖွယ်အခြေအနေ ရောက်ရှိလာနေချိန်တွင် နိုင်ငံ၏ဘဏ္ဍာရေး တည်ငြိမ်ခိုင်မာမှုအခြေအနေသည်လည်း ဆက်လက်ယိုယွင်းနေနိုင်သည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund– IMF) က ၂၀၂၃ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

IMF ၏အစီရင်ခံစာ၌ တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် နိုင်ငံ၏ကြွေးမြီပါဝင်မှုအချိုးသည် ၂၀၂၂ ခုနှစ်ကုန်ပိုင်းက ၅၄ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ ယင်းပမာဏသည် IMF ၏ ၂၀၂၂ ခုနှစ် အောက်တိုဘာက ထုတ်ပြန်ခဲ့သော အလားတူအစီရင်ခံစာပါ ခန့်မှန်းချက်ထက် ၀ ဒသမ ၂ ရာခိုင်နှုန်း မြင့်မားလာပါကြောင်း၊ ခြောက်လကာလအတွင်း ယခုလို မြင့်မားခြင်းသည် တောင်ကိုရီးယား၏ စီးပွားရေးအရွယ်အစားနှင့်ယှဉ်လျှင် အလွန်မြန်သောနှုန်းဖြစ်သည်ဟု စဉ်းစားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယင်းနိုင်ငံ၏ GDP တွင် ကြွေးမြီပါဝင်မှုအချိုးမြင့်မားနေမှုကို စိတ်ချရသည့်အနေအထား ပြန်လည်ရောက်ရှိအောင် အထူးဂရုစိုက်စီမံခန့်ခွဲဖြေရှင်းသင့်ကြောင်း ဈေးကွက်စောင့်ကြည့်သူများက တိုက်တွန်းထားကြောင်း ဆိုးလ်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ကြက်သွန်နီနှင့် သကြားဈေးတက်ခဲ့ပြီး စားအုန်းဆီဈေးများ ကျဆင်းလာခဲ့သည်။ သကြားလက်ကား တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဝန်းကျင်သို့ ဈေးမြင့်လာခဲ့သည်။**

**ဆန်**

မေ ၂ရက် ရန်ကုန်ဆိပ်ကမ်း ဆန်ကုန်စည်ဒိုင်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀ ဝန်းကျင် ဈေးတက်လာသော်လည်း အဝယ်နည်းလျက်ရှိသည်။ နံ့ကားဆန်ကြမ်း တစ်အိတ် ကျပ် ၆၀၀၀၀၊ သီးထပ်ဆန်ကြမ်း ကျပ် ၆၀၀၀၀၊ နှ ရက် ၉၀ ဆန်ကြမ်း ကျပ် ၆၇၀၀၀၊ ပေါ်ကျွဲတစ်အိတ် ကျပ် ၇၅၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်းဆန်သစ်ဈေးနှုန်းများမှာ ဘိုကလေး ကျပ် ၈၅၀၀၀၊ ဖျာပုံ ကျပ် ၈၈၀၀၀၊ မြောင်းမြ ကျပ် ၉၀၀၀၀၊ ရွှေဘို ကျပ် ၁၀၅၀၀၀ နှုန်း ရှိနေသည်။

**ဆီ**

ယခုအပတ် ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာ ကျပ် ၄၅၇၀ ဖြစ်ရာ ယခင် အပတ်ထက် ရည်ညွှန်းဈေး ကျပ် ၁၁၀ ကျလာသည်။ ဧပြီ ၂၇ ရက်တွင် ဆီကန်တင်ဈေး (DOဆီထုတ်စာရွက်ဈေး) တစ်ပိဿာ ကျပ် ၆၁၅၀ နှုန်းရှိပြီး မေ ၂ ရက်တွင် ကျပ် ၆၀၅၀ နှုန်းသာရှိနေဆဲဖြစ်သည်။

**ပဲအမျိုးမျိုး**

ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ (RC) တစ်တန် ကျပ် ၂၁၈၀၀၀၀၊ (SQ/RC) တစ်တန် ကျပ် ၂၄၂၅၀၀၀၊ ပဲစင်းငုံနီ တစ်တန် ကျပ် ၂၄၄၅၀၀၀၊ ပဲတီစိမ်းခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာ ကျပ် ၃၇၅၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၉၀၀/၅၁၅၀ နှုန်း အသီးသီးရှိသည်။

**ကြက်သွန်နီ**

မေ ၂ ရက်တွင် နယ်စုံမှ ကြက်သွန်နီ ပိဿာချိန် ၁၅၀၀၀၀ ဝင်ရောက်ပြီး ယင်းနေ့တွင် လက်ကားကြက်သွန်နီ တစ်ပိဿာဈေးနှုန်း ဆိတ်ဖြူနယ် လတ်ချော ကျပ် ၁၄၀၀၊ လတ်သန့် ကျပ် ၁၆၅၀၊ မုံရွာ လတ်ချော ကျပ် ၁၄၀၀၊ လတ်သန့် ကျပ် ၁၇၀၀ စသည်ဖြင့် ဈေးအသီးသီးရှိသည်။ ကုန်စည်ဒိုင်ပိတ်ရက် သုံးရက်အတွင်း ဝယ်လိုအားနည်းသော်လည်း ကြက်သွန်နီဈေး အနည်းငယ်တက်လာခဲ့သည်။

**ကြက်သွန်ဖြူ/ အာလူး/ ငရုတ်**

မေ ၂ ရက် ဘုရင့်နောင်ဈေးကွက်၌ ရှမ်းအောင်ပန်း ကြက်သွန်ဖြူလက်ကား တစ်ပိဿာ ထူး–၂ ကျပ် ၃၆၀၀၊ ထူး–၃ ကျပ် ၄၂၀၀၊ ထူး–၄ ကျပ် ၄၄၀၀ နှင့် ထူး–၅ ကျပ် ၆၄၀၀ ဈေးနှုန်းများအသီးသီးရှိသည်။ မေ ၂ ရက် ဘုရင့်နောင် အာလူးဈေးကွက်၌ အောင်ပန်းအာလူးလက်ကား တစ်ပိဿာ A1 ကျပ် ၁၃၀၀၊ အိုကေ ကျပ် ၁၅၀၀၊ အက်စ်ဝမ်း ကျပ် ၁၆၅၀ နှင့် အက်စ်တူး ကျပ် ၁၆၀၀ အသီးသီးရှိသည်။ ငရုတ်ဈေးကွက်တွင် အိမ်မဲငရုတ်ရှည်အသစ် လက်ကားတစ်ပိဿာ ကျပ် ၁၀၅၀၀/၁၁၀၀၀၊ ပန်းရဲ ကျပ် ၁၂၀၀၀/၁၂၃၀၀၊ မြားနီငရုတ်ရှည် ကျပ် ၁၁၀၀၀ နှုန်းရှိသည်။ မိုးထောင်ဒီမွန် ငရုတ်လက်ကားတစ်ပိဿာ ကျပ် ၁၂၅၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွတစ်ပိဿာ ကျပ် ၁၄၀၀၀/၁၇၀၀၀၊ မြစ်ဝငရုတ်ပွတစ်ပိဿာ ကျပ် ၁၃၅၀၀/၁၅၀၀၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

## ငွေကြေးများကို ဘဏ်တွင်အပ်နှံခြင်းထက် ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုရန် ဂျပန်အစိုးရတွန်းအားပေး

**တိုကျို မေ ၄**

ဂျပန်စတော့အိတ်ချိန်းဈေးကွက်၌ ၂၀၁၄ ခုနှစ်တွင် အချိန်ကာလအကန့်အသတ်ဖြင့် စတင်မိတ်ဆက်ခဲ့သည့် အခွန်ကင်းလွတ်ခွင့်ပြုမည့် အစီအစဉ်ပါဝင်သော Nippon Individual Savings Account (NISA) ကို ပြန်လည်ပြင်ဆင်ကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီတွင် အပြည့်အဝ စတင်ဖော်ဆောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖိတ်ခေါ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါအစီအစဉ်အရ စတော့ရှယ်ယာများ၊ ရင်းနှီးမြှုပ်နှံမှုများကို ရောင်းချခြင်းမှ ရရှိသည့်ဝင်ငွေအပေါ် ပေးဆောင်ရမည့် အခွန်အခများကို ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ဂျပန်အစိုးရ၏ Asset Income Doubling Plan အောက်မှ ဖော်ဆောင်ခြင်းဖြစ်ပြီး Asset Income Doubling Plan ကို ပေါ်ထွန်းစစီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အဖွဲ့အစည်းများ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် ရန်ပုံငွေများ ပိုမိုရရှိစေရေး ရည်ရွယ်ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်သည် အဆိုပါစီမံကိန်း ပထမနှစ်ဖြစ်သည့်အလျောက် ဘဏ်တွင်အပ်နှံခြင်းအစား ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် တွန်းအားပေး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဖူမီယိုကီရှီးဒါးက ပြောကြားထားသည်။ ၂၀၂၂ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲခဲ့သည့် Asset Income Doubling Plan အရ အစိုးရအနေဖြင့် Nippon Individual Savings Account (NISA) အရေအတွက်ကို ၃၄ သန်းအထိရရှိအောင် ဆောင်ရွက်မည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုပမာဏကို ငါးနှစ်အတွင်း ယန်း ၅၆ ထရီလီယံရရှိရန် မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်သည်။ NISA Account ဖွင့်လှစ်ခွင့်ပြုသည့်အချိန်မှစ၍ Account အသစ် ၁၇ သန်း ဖွင့်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ယန်း ၂၈ ထရီလီယံအထိ ရရှိခဲ့ပြီးဖြစ်သည်။

Asset Income Doubling Plan တွင် ရည်မှန်းချက် သုံးရပ်ပါရှိကာ ရည်မှန်းချက် (၁) အနေဖြင့် NISA Account အရေအတွက်ကို လက်ရှိ ၁၇ သန်းမှ ၃၄ သန်းအထိ ငါးနှစ်အတွင်းရရှိရန်၊ ရည်မှန်းချက် (၂) အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏကို လက်ရှိ ယန်း ၂၈ ထရီလီယံမှ ၅၆ ထရီလီယံရရှိရန်၊ ရည်မှန်းချက်(၃) အနေဖြင့် ရည်မှန်းချက် အချက်များပြည့်မီရန် အလယ်အလတ်လူတန်းစားများကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာလရှည်ရည်မှန်းချက်များချမှတ်နိုင်ရေး မူဝါဒများ ရေးဆွဲဆောင်ရွက်သွားရန် ဖော်ပြထားသည်။

Nippon Individual Savings Account (NISA) တစ်ခုအတွက် Investment Trust များမှ တစ်နှစ်လျှင် အများဆုံး ရင်းနှီးမြှုပ်နှံခွင့်ပြုကာ အခွန်ကင်းလွတ်ခွင့်ပြုမည့်ပမာဏမှာ ယန်း ၁ ဒသမ ၂ သန်း၊ တစ်ဦးချင်း Account များ အတွက် Growth Investment Account တစ်ခုလျှင် ယန်း ၂ ဒသမ ၄ သန်း ၊ ရာသက်ပန်ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်၍ အခွန်ကင်းလွတ်ခွင့်ရှိမည့်ပမာဏမှာ NISA Account တစ်ခုအတွက် ယန်း ၁၈ သန်း သတ်မှတ်သွားမည်ဖြစ်ကြောင်း တိုကျိုမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## ထိုင်းနိုင်ငံ၌ ယခုနှစ် လောင်စာဆီသုံးစွဲမှုမြင့်တက်

**ဘန်ကောက် မေ ၄**

ထိုင်းနိုင်ငံတွင် ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် နှစ်နှစ်ဆက်တိုက် ကျဆင်းခဲ့သော လောင်စာဆီ သုံးစွဲမှုသည် ၂၀၂၃ ခုနှစ် ပထမ သုံးလပတ်အတွင်း မြင့်တက်ခဲ့ကြောင်း စွမ်းအင်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လ အတွင်း လောင်စာဆီဝယ်လိုအား ပျမ်းမျှအားဖြင့် တစ်နေ့လျှင် လီတာ ၁၆၁ သန်း (၅ ဒသမ ၆၅ ရာခိုင်နှုန်း) မြင့်တက်ခဲ့ကြောင်း၊ ယင်းသို့တက်လာရခြင်းမှာ ကပ်ရောဂါ ကန့်သတ်ချက်များ ဖြေလျှော့လိုက်သဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးသည့် နိုင်ငံ ပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် ဖြစ်ကြောင်း စွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

ဒီဇယ်သုံးစွဲမှုမှာ တစ်နေ့လျှင် လီတာ ၇၆ ဒသမ ၄ သန်း (၀ ဒသမ ၂ ရာခိုင်နှုန်း)၊ ဂက်စ်ဆိုလင်းနှင့် ဂက်စ်ဆိုဟော (91 သို့မဟုတ် 95) တို့၏ ဝယ်လိုအား လီတာ ၃၁ ဒသမ ၇ သန်း (၆ ဒသမ ၆ ရာခိုင်နှုန်း) ဖြစ်လာပြီး လေကြောင်းဖြင့် ခရီးသွားလာမှု အသက်ဝင်လာခဲ့ပြီး လေယာဉ်ဆီသုံးစွဲမှုလည်း တစ်နေ့လျှင် လီတာ ၁၄ သန်းဖြင့် ရာနှုန်းပြည့်နီးပါး မြင့်တက်လာခဲ့သည်။

ရေနံဓာတုပစ္စည်းကဏ္ဍတွင် Polymer ဈေးနှုန်းကျဆင်းခဲ့ခြင်းကြောင့် Liquefied Petroleum Gas –LPG ကို သုံးစွဲမှုနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ကယ်ရိုဆင့် (Kerosene) သုံးစွဲမှုလည်း ကျဆင်းခဲ့ကြောင်း၊ Compressed Natural Gas (CNG) သုံးစွဲမှုမှာ တစ်နေ့လျှင် တန် ၃၅၆၀ (ခုနစ်ရာခိုင်နှုန်း)၊ လောင်စာဆီ လီတာ ၆ ဒသမ ၈၂ သန်းဖြင့် အသီးသီးမြင့်တက်လာကြောင်း စွမ်းအင် ညွှန်ကြားရေးမှူးက ပြောကြားသည်။

**ရေနံစိမ်းတင်သွင်းမှု မြင့်တက်**

ရေနံစိမ်းတင်သွင်းမှု တစ်နေ့လျှင် စည် ၁ ဒသမ ၁၀ သန်း (၅ ဒသမ ၇ ရာခိုင်နှုန်း) မြင့်တက်လာခဲ့သော်လည်း သန့်စင်ပြီးသောဆီကို တစ်နေ့လျှင် ၁၄၇၃၇၁ စည်သာ တင်ပို့နိုင်သဖြင့် ခြောက်ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ထိုင်းနိုင်ငံ အစိုးရအရာရှိကြီးများက ရုပ်ကြွင်းလောင်စာ အသုံးပြုခြင်းမှသည် သန့်စင်သောလောင်စာ၊ ဇီဝလောင်စာနှင့် လျှပ်စစ်မော်တော်ကားများကို အများဆုံး အသုံးပြုမည့် National Oil Plan ကိုရေးဆွဲနေကြောင်း၊ ဇီဝလောင်စာဝယ်လိုအားမြင့်တက်စေရန် ဓာတ်ဆီဆိုင်များတွင် ဂက်စ်ဆိုဟော E10 (95 သို့မဟုတ် 91) အစား ဂက်စ်ဆိုဟော E20 (ဂက်စ်ဆိုလိုင်းနှင့် အီသနော ၂၀ ရာခိုင်နှုန်း ရောနှောထားသော) ကို အစားထိုး သုံးစွဲမည်ဖြစ်ကြောင်း ဘန်ကောက်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။




ဘန်ကောက်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်ကြီးတစ်ခု။

## တရုတ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှုများတွင် ဒေါ်လာထက် ယွမ်သုံးစွဲမှုက ပထမဆုံးအကြိမ်ပိုများ

**ပေကျင်း မေ ၄**

တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှုများတွင် ယွမ်သည် ဒေါ်လာကို ကျော်တက်ပြီး အသုံးအများဆုံး ငွေကြေးအဖြစ်သို့ ရောက်ရှိလာသည်။ ယွမ်သည် ၂၀၂၃ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံ၌ နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှုများအတွက် အသုံးအများဆုံးငွေကြေး ဖြစ်လာခဲ့ပြီး ဒေါ်လာထက် ယွမ်သုံးစွဲမှုက ပထမဆုံးအကြိမ်အဖြစ် ပိုများခဲ့ကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော် ယွမ်ဖြင့်ငွေပေးချေမှုနှင့် လက်ခံဖြတ်ပိုင်းများ စုစုပေါင်းသည် ဖေဖော်ဝါရီလတွင် ဒေါ်လာ ၄၃၄ ဒသမ ၅ ဘီလီယံဖိုး ရှိခဲ့ရာမှ မတ်လတွင် ဒေါ်လာ ၅၄၉ ဒသမ ၉ ဘီလီယံအထိ စံချိန်သစ်တင်မြင့်တက်ခဲ့ကြောင်း တရုတ်အခြေစိုက် သတင်းများအရ သိရသည်။ နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှုအားလုံး၏ ၄၈ ဒသမ ၄ ရာခိုင်နှုန်းတွင် ယွမ်ကို အသုံးပြုခဲ့သည်။ ဒေါ်လာသည် ဖေဖော်ဝါရီလတွင် ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး မတ်လတွင် ၄၆ ဒသမ ၇ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။

တရုတ်နိုင်ငံသည် ယွမ်အသုံးပြုမှုကို နိုင်ငံတကာသို့ ကူးပြောင်းရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများ ပေးချေရန်အတွက် ယွမ်အသုံးပြုမှုကို မြှင့်တင်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် ယွမ်ကိုသုံးစွဲမှု နည်းပါးနေသေးသော်လည်း မှန်တန်းဖြင့်တိုးလာကြောင်း တွေ့ရသည်။ SWIFT မှ အချက်အလက်များအရ ကမ္ဘာ့ကုန်သွယ်မှု ငွေကြေးလွှဲပြောင်းမှုတွင် ယွမ်၏ဝေစုသည် မတ်လတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ဒေါ်လာသည် ၈၃ ဒသမ ၇၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

## ဖိလစ်ပိုင် – မလေးရှား ကုန်သွယ်ရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများ နားလည်မှုစာချွန်လွှာရေးထိုး

**မနီလာ မေ ၄**

မလေးရှားနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစင်တာ (PTIC–KL) နှင့် မလေးရှား ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (MICCI) တို့သည် ဖိလစ်ပိုင်–မလေးရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာကို ဧပြီလအတွင်းက မလေးရှားနိုင်ငံရှိ ဖိလစ်ပိုင်သံရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မလေးရှားနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး၊ PTIC–KL နှင့် MICCI တို့အကြား ဆက်ဆံရေးပိုမိုခိုင်မာလာစေရန်၊ ဖိလစ်ပိုင်–မလေးရှား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ပြီး လက်မှတ်ရေးထိုးရခြင်းဖြစ်ပြီး နားလည်မှုစာချွန်လွှာကို မလေးရှားနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Charles C. Jose၊ မလေးရှားနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်စီးပွားရေးသံမှူး Norjamin G. Delos Reyes နှင့် MICCI ဥက္ကဋ္ဌ Ms.Christina Tee တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

သံအမတ်ကြီးက မလေးရှားနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနေသော ဖိလစ်ပိုင်ကုမ္ပဏီများစွာရှိပြီး အဆိုပါကုမ္ပဏီများအတွက် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လက်မှတ်ရေးထိုးခဲ့ခြင်းအားဖြင့် မလေးရှားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်မှု ရရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အခြားညီနောင်အသင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် သတင်းအချက်အလက်များမှာ လုပ်ငန်းဆောင်ရွက်ရာတွင် လွန်စွာအရေးပါကြောင်း ပြောကြားခဲ့သည်။

MICCI အနေဖြင့်လည်း အခြားတစ်ဖက်တွင် ပြည်တွင်းဈေးကွက် အားကောင်းလာစေရန်နှင့် လုပ်သားအင်အားများပြားသည့် တိုင်းပြည်ဖြစ်လာစေရန်အတွက် အလားအလာရှိသော စီးပွားရေး အခွင့်အလမ်းများ ချဲ့ထွင်သွားရန်နှင့် အဖွဲ့ဝင်အသစ်များပါဝင်လာရန် ဖိလစ်ပိုင်နိုင်ငံရှိ မလေးရှားလုပ်ငန်းရှင်များနှင့်လည်း ဆက်သွယ်သွားစေလိုသည်။

ဖိလစ်ပိုင်နိုင်ငံ၏ လတ်တလော အခွန်ပြုပြင်ပြောင်းလဲရေးအစီအစဉ်ပါ ဥပဒေလေးခုဖြစ်သည့် စီးပွားရေးလုပ်ငန်းများအား အခွန်သက်သာခွင့်များပေးခြင်းဆိုင်ရာ The Republic Act No;11534၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပြင်ဆင်ခြင်းဆိုင်ရာ The Republic Act No;11647၊ လက်လီကုန်သွယ်ရေးဖြေလျှော့မှုများ ဥပဒေပြင်ဆင်ခြင်းဆိုင်ရာ The Republic Act No;11595 နှင့် အများပြည်သူသို့ ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ The Republic Act No;11659 တို့အား ပြင်ဆင်ခြင်းသည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်လာနိုင်ကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းအား ဖန်တီးပေးနိုင်ကြောင်း မလေးရှားနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်စီးပွားရေးသံမှူးက ဆိုသည်။

သတင်းရင်းမြစ်များ – မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစတင် ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ (ပုံ–၁)တွင် ဖော်ပြထားသည့် မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၁ ခုတွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင်အက်စစ် ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။



ပုံ(၁)

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများကို တိုင်းတာသည့်စခန်း ၄၁ ခုအနက် မန္တလေး (ချမ်းအေးသာစံ)၊ မန္တလေး(ချမ်းမြသာစည်)၊ မြစ်ကြီးနား၊ ပူတာအို၊ ခန္တီး၊ လားရှိုး၊ တောင်ကြီး၊ မိုင်းဆတ်၊ စစ်ကိုင်း၊ ဟုမ္မလင်း၊ ဟားခါး၊ ညောင်ဦး၊ မုံရွာ၊ ပျဉ်းမနား၊ ကသာ၊ ပြင်ဦးလွင်၊ လွိုင်ကော်၊ စစ်တွေ၊ ကျောက်ဖြူ၊ ဘားအံ၊ ကော့ကရိတ်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းစခန်းတို့တွင် မိုးရွာသွန်းခဲ့သည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် ၂၄ စခန်းအနက် ၂၃ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး မိုင်းဆတ်စခန်းတွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၂၄ စခန်း၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရသည်။ (ပုံ–၂)

ပုံ (၂)၊ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၈ |
| ၃ | မြစ်ကြီးနား | ၆.၆ |
| ၄ | ပူတာအို | ၆.၈ |
| ၅ | ခန္တီး | ၆.၈ |
| ၆ | လားရှိုး | ၆.၇ |
| ၇ | တောင်ကြီး | ၇.၁ |
| ၈ | မိုင်းဆတ် | ၆.၄ |
| ၉ | စစ်ကိုင်း | ၆.၈ |
| ၁၀ | ဟုမ္မလင်း | ၆.၇ |
| ၁၁ | ဟားခါး | ၆.၉ |
| ၁၂ | ညောင်ဦး | ၆.၆ |
| ၁၃ | မုံရွာ | ၆.၇ |
| ၁၄ | ပျဉ်းမနား | ၆.၇ |
| ၁၅ | ကသာ | ၆.၇ |
| ၁၆ | ပြင်ဦးလွင် | ၆.၉ |
| ၁၇ | လွိုင်ကော် | ၆.၅ |
| ၁၈ | စစ်တွေ | ၆.၇ |
| ၁၉ | ကျောက်ဖြူ | ၆.၈ |
| ၂၀ | ဘားအံ | ၇.၁ |
| ၂၁ | ကော့ကရိတ် | ၇.၁ |
| ၂၂ | ထားဝယ် | ၆.၉ |
| ၂၃ | မြိတ် | ၇.၁ |
| ၂၄ | ကော့သောင်း | ၇.၀ |

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**




# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မေ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီးနှင့် MG, MGZS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၂၅ စီး၊ စုစုပေါင်းလျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၄၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**လက်ပံတန်း မေ ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းကို မြို့မဈေး ၁ လမ်းအပိုင်းနှင့် မဟာဗျူဟာလမ်းဆုံတို့၌ ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ (ယာပုံ)

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာတင်ဇော်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများက မြို့နယ် အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ပြောကြားပြီး ပါးစပ်၊ နှာခေါင်းစည်း အခု ၁၅၀၀ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၆-၅-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၁၈) တွင်** သူတစ်ပါးအပေါ် စိတ်ကောင်းထားရှိ၍ ကောင်းကျိုးများကို ခံစားခဲ့ရသော ညီထွေးအကြောင်းကို တင်ဆက်ထားသည့် "အဖေပြောသော ရတနာ" မျက်နှာဖုံးကာတွန်း၊ လျှပ်စစ်ဓာတ်တီထွင်ခြင်း အဆင့်ဆင့်ကို ဗဟုသုတရဖွယ် .. တင်ဆက်ထားသည့် "လျှပ်စစ်ဓာတ်ကို တီထွင်ခြင်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေး တို့လက်ရာ" ကဏ္ဍ၊ ဈေးရောင်းရာ၌ မိမိ၏ အကျိုးအမြတ်ကိုသာ မကြည့်ဘဲ ဝယ်ယူစားသောက်သူများအတွက် ကျန်းမာရေးနှင့်အညီ ရောင်းချသင့်ကြောင်းရေးဖွဲ့ထားသည့် "ဖြိုးရဲ- အမြတ်" နှစ်မျက်နှာကာတွန်း၊ ပညာကို စာသင်ကျောင်းမှာသာမက အခြားရရှိနိုင်သော ပြင်ပနေရာများတွင်ပါ ကြိုးစားသင်ယူပါက မိမိအတွက် အကျိုးများနိုင်ပုံအကြောင်းကို အတုယူဖွယ်တင်ဆက်ထားသည့် "ပညာဆိုသည်မှာ" ဝတ္ထုကြကဏ္ဍ၊ ခွေးကို အမဲရိုးကောက်ခိုင်းရာ ကားပြင်သောခွကို ကောက်ခဲ့၍ ဒုက္ခရောက်ရသော ဖိုးထူးအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးထူး- အသင်မှားတော့ အမြင်မှား" တစ်မျက်နှာကာတွန်း၊ မိဘကျေးဇူးသိတတ်သည့် ယုန်လေးနှင့် သူတစ်ပါး၏အသက်ကို အန္တရာယ်ပေးမိ၍ သူကိုယ်တိုင် အသက်ဆုံးရှုံးသွားသော မြေခွေးအကြောင်းကို ဗဟုသုတရဖွယ်တင်ဆက်ထားသည့် "မိဘကျေးဇူး သိတတ်တဲ့ ယုန်လေး" ပုံပြင်ကဏ္ဍ၊ သူတစ်ပါး၏ အသားကိုစားလို၍ ဒုက္ခရောက်ရသော မြေခွေးနှင့် ဉာဏ်ပညာကြီးမား၍ အသက်ဘေးမှ လွတ်မြောက်ခဲ့သော ယုန်လေးအကြောင်းကို ရေးဖွဲ့ထားသည့် "အိမ်စောင့်နတ်" နှစ်မျက်နှာ ကာတွန်း၊ ဘေးအန္တရာယ်ကို သတိမမူဘဲ ကစားမက်လွန်း၍ မိခင်၏ အပြစ်ပေးခြင်းကို ခံရသော ချက်စူအကြောင်းကို ရေးဖွဲ့ထားသည့် "ချက်စူရဲ့ အပြင်ထွက်ချင်လွန်းတော့" နှစ်မျက်နှာကာတွန်း၊ ကျောင်းသားတစ်ယောက်အနေဖြင့် မိမိ၏ပါမောက္ခအား ခွင့်တိုင်ကြားခြင်း ပြောဆိုပုံအမျိုးမျိုးကို တင်ဆက်ထားသည့် ရွှေသွေးအင်္ဂလိပ်စကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။

**သတင်းစဉ်**




## လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်

**နေပြည်တော် မေ ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**(မိုး/ဇလ)**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၅ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၄၀၃၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၉၇၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၄၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၃၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၇၉၅ ကျပ် | ၁၈၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၇၅ ကျပ် | ၁၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၁၅ ကျပ် | ၁၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၂၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၀၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၉ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၁၀၀ | ၁၁၂၃ | ၈၉၂၀၉၀၀ |
| MTSH | ၂၈၀၀ | ၂၈၀၀ | ၄၈၇၄ | ၁၃၆၃၂၇၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၇၃ | ၅၁၁၀၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၂၂၇၂ | ၃၂၉၄၄၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀၂၁ | ၂၅၅၂၅၀၀ |
| EFR | ၂၅၀၀ | ၂၅၅၀ | ၂၉၅ | ၄၈၈၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ကျောက်တံတားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံအင်္ဂလိပ်စာသင်တန်း အခမဲ့ဖွင့်လှစ်



ကျောက်တံတား မေ ၅ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာ 4 Skills သင်တန်း (အခမဲ့) ကို မေ ၄ ရက် မွန်းလွဲ ၃ နာရီက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကျောက်တံတားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိန်က ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ (ပြန်/ဆက်)ဦးစီးဌာနအနေဖြင့် သင်တန်းများကို အခမဲ့ ဖွင့်လှစ်ပေးနေခြင်း ဖြစ်သည့်အတွက် အကျိုးရှိရှိ တက်ရောက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၄ ရက်မှ ဇွန် ၁၅ ရက်အထိ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များတွင် မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီခွဲအထိ ၁၄ ရက်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး (ဘုရင်မ ပညာ့ဗိမာန်)မှ ဆရာ ညာဏ်သစ်နှင့် ဆရာ ညီညီအောင်တို့က စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



ရွှေတောင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးနှင့် မယားမာန် မီးသတ်စခန်းတို့ရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့က သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုကိုမင်း(ပြန်/ဆက်)



(၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သဲကုန်းမြို့နယ် မီးသတ် တပ်ဖွဲ့ဝင်များ သဲကုန်းမြို့ မိုးကောင်းစေတီတော်ကြီးအား ရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေးများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူ/ဆောင်ရွက်မည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တရားဝင် အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ
(ခ) သင်တန်းသုံးလျှပ်စစ်ပစ္စည်းများ
(ဂ) ရုံးသုံးစက်ပစ္စည်းများ
(ဃ) ပရိဘောဂများ
(င) အရပ်ရပ်သုံးပစ္စည်းများ
(စ) Medical Books and Journals

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၈-၅-၂၀၂၃ရက် နံနက် ၉:၃၀နာရီ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၅-၂၀၂၃ ရက်နေ့ ညနေ ၁၆:၃၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။
တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်၂၄၅၊ မြို့မကျောင်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၄၂၄၀၃၀၄၈၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဆေးတက္ကသိုလ်(၁) ရန်ကုန်

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်၊ တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူကြသည့် လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

FDA အသိအမှတ်ပြု
(က) ဆေးဝါးများ
(ခ) ခွဲစိတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consumable)

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - (၅-၅-၂၀၂၃) သောကြာနေ့
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၅-၆-၂၀၂၃) တနင်္လာနေ့ ညနေ(၄)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေး/ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေး စိတ်အချက်အလက်များကို သိရှိလိုပါက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံ အုပ်ကြီးရုံးသို့ နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့
ဆေးရုံအုပ်ကြီးရုံး
ဖုန်း-၀၅၄-၂၈၂၃၁၁

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (၅/ခ)ရှိ NOVEMBER HOTEL (ဦးစိုင်းထွန်းရင်) အမည်ပေါက်၊ ဟိုတယ်လုပ်ငန်းလိုင်စင်အား ဒေါ်နန်းယဉ်မင်းထွန်းအမည်သို့ လုပ်ငန်းလိုင်စင်အမည်ပြောင်း၊ သက်တမ်းတိုးဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်နိုင်ရန်အတွက် ဤကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းသီတာနိုင်(တရားလွှတ်တော်ရှေ့နေ)
တိုက် (၄)၊ အခန်း (၄၂၁)၊ ကျွန်းရွှေဝါလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၂၆၅၉၆၇၉၉၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သက် ၁၄/အမန(နိုင်)၁၆၃၉၄၅ ၏ Overseas Worker Identification Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၈၉၂၃၉၁၅၂၁

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှိုင်မင်း ၉/ညဥန(နိုင်) ၂၄၅၁၂၀ ၏ Overseas Worker Identification Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၄၅၀၀၄၄၃၄၀

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RAIII)၊ ဦးပိုင်အမှတ်(၁၂၅)၊ မြေယာအမှတ်(213/2 55)၊ မြေရိယာအကျယ်အဝန်း(၁.၃၀)ကေထဲမှ အရှေ့(၄၅)ပေ၊ အနောက်(၄၅)ပေ၊ တောင်(၇၁)ပေ၊ မြောက်(၆၅)ပေ၊အကွက်အမှတ်(A-2)လက်ရှိမြေပေါ်ရှိ အတိုင်းအတာနှင့် မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဝင်းနန္ဒာဦး ၁၂/မဂဒ(နိုင်)၁၂၆၇၀၈ထံမှ ဒေါ်နီလာဝင်း ၉/မရမ(နိုင်)၀၃၃၈၃၈က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
| ဒေါ်နီလာဝင်း | ဦးနေမျိုးဇော်(LL.B,D.B.L) | ဒေါ်ဇင်မာမြင့်(LL.B,LL.M) |
| ၉/မရမ(နိုင်)၀၃၃၈၃၈ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်နှင့်အမည်(ရ/ပဒေသာ)၊ ဦးပိုင်အမှတ်(၉၇)၊ မြေရိယာအကျယ်အဝန်း(၁.၀၅၅)ကေလက်ရှိမြေပေါ်ရှိအတိုင်းအတာနှင့်မြေနှင့်မြေပေါ်အောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးသန်းထွန်းအောင် (၈/ခမန(နိုင်)၁၃၃၂၉၈)၊ ဒေါ်နန်းမိုခမ်း (၁၃/မမတ(နိုင်)၀၃၅၂၀၄)ထံမှ ဦးဝင်းဇော်ဦး (၃/ဘအန(နိုင်)၁၅၃၁၇၇)က(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
| ဦးဝင်းဇော်ဦး | ဦးနေမျိုးဇော်(LL.B,D.B.L) | ဒေါ်ဇင်မာမြင့်(LL.B,LL.M) |
| ၃/ဘအန(နိုင်)၁၅၃၁၇၇ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ (၅) လမ်း၊ အမှတ်(၆၈၆/ခ)၊ အကျယ်အဝန်း (၂၀ x ၆၀)ပေ ရှိ နှစ်(၆၀)ဂရန်၊ မြေကွက်ပေါ်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် (၆)ထပ် RC(Hall Type)တိုက်သစ်တစ်လုံးဆောက်လုပ်ရန် မြေရှင် ဦးဝင်းသိန်း (၁၂/ဥကတ(နိုင်)၀၆၀၅၀၉)+၄နှင့် ဦးမြင့်လွင် (ကန်ထရိုက်တာ) (၁၄/ကပန(နိုင်)၁၃၂၀၇၀)တို့ (၁၉-၄-၂၀၁၉)ရက်တွင် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပြီး (၃)နှစ်ကျော်ကြာသည်အထိ တိုက်သစ်ဆောက်လုပ်နိုင်ခြင်းမရှိပါ၍ (၂၃-၁-၂၀၂၃)ရက်တွင် နှစ်ဦးသဘောတူ တရားဝင်စာချုပ်ဖျက်သိမ်းခဲ့ကြပါသည်။ ဦးမြင့်လွင် (ကန်ထရိုက်တာ)ထံမှ ကြိုပွဲဝင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူထားသူများအား တရားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသူမှာ ဦးမြင့်လွင်ဖြစ်၍ ဦးမြင့်လွင်နှင့်သာ ဆက်သွယ်ဆောင်ရွက်ကြပါရန် ကြိုပွဲဝင့်ကိစ္စနှင့်ပတ်သက်၍ မြေရှင်နှင့် နောက်ကန်ထရိုက်တာတို့မှ တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းသိန်း+၄
၁၂/ဥကတ(နိုင်)၀၆၀၅၀၉
အမှတ်(၆၈၆/ခ)၊ ဝရဇာ(၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၁၃၆၀၃

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ မြေကွက်အမှတ် (၉၅၅/က)၊ အလျားပေ ၂၀၊ အနံပေ ၆၀၊ နွယ်နီလမ်းပေါ်ရှိ ပါမစ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သော ဒေါ်ပြုံးချို (၁၂/သဃက(နိုင်)၀၂၀၅၅၂)ထံမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖဆိုင်းမွန်းသျှောင် (၁/မကတ(နိုင်)၀၆၅၃၆၁)ထံမှ တစ်ဆင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဦးအောင်သူစိန်မြင့် ၁၂/ရပသ(နိုင်)၀၆၂၉၂၉
ဖုန်း-၀၉-၉၇၇၉၃၆၅၅၇၊ ၀၉-၄၄၄၀၄၇၁၀၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်ထွေး ၁၄/ခနဖ(နိုင်)၁၅၃၀၂၇ ၏ Overseas Worker Identification Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၆၈၈၀၇၂၃၀၄

## ကယားပြည်နယ်မီးသတ်ဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

(၂၈-၄-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာနှင့် (၂၉-၄-၂၀၂၃)ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဝယ်ယူရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ပစ္စည်းဝယ်ယူရေးလုပ်ငန်း**

(ခ) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ
(ဂ) Command and Control Center နှင့် တွဲဖက်အသုံးပြုမည့် ပစ္စည်းများ၊ Drone with Thermal Imaging Camera

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၅-၂၀၂၃ရက်မှ ၁၆-၅-၂၀၂၃ရက်ထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၁၆-၅-၂၀၂၃ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်ဒါစိစစ်ရေး အဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၂၂၄၀၃၁၊ ၀၈၃-၂၂၂၄၁၇၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/7276, Toyota Corolla Axio Ne 160 Saloon (4x2) R ယာဉ်အမည်ပေါက်သူ ဦးရွှေထွန်း ၁၄/ပပတ(နိုင်)၀၅၆၂၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
ရန်ကုန်မြောက်ပိုင်း(အင်းစိန်)

## ရေချိုးတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၆၉)၊ ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ ယုဇနကွန်ဒိုတာဝါ၏ ၁၂လွှာရှိ အခန်းအမှတ်(၁၂၀၈/B) တိုက်ခန်းကို တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရောင်းချခွင့်ရှိသူ ဦးဝေမြင့်အောင် (၁၂/ရကန(နိုင်)၀၅၀၅၅၀) နှင့် ဒေါ်မြတ်မြတ်လွင် (၁၂/ပဘတ(နိုင်)၀၁၁၅၁၉) တို့ထံမှ ကျွန်မ မြတ်မူခင် (၁၃/တတန(နိုင်)၁၈၉၆၅၃)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ဤတိုက်ခန်းပေါ် အကျိုးခံစားခွင့် အသီးသီးတို့အား လွှဲပြောင်းရောင်းချခြင်းနှင့် ပါဝင်ပတ်သက်ပြီးပိုင်ရေးဆိုင်ခွင့်ရှိသူများခံစားပိုင်ခွင့်ရှိသူများ အပါအဝင်မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် အထောက်အထား စာရွက်စာတမ်း(မူရင်း)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ကြောင်း သိစေအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ လွှဲပြောင်းဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြတ်မူခင်
အမှတ်(1209-B)၊ ယုဇနကွန်ဒို၊
အမှတ်(၆၉)၊ ရွှေဂုံတိုင်လမ်းနှင့်ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်
ဖုန်း-၀၉-၄၃၁၆၄၂၂၆

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ (အထက(၂) မိုးညှင်း၊ အထက(၂) ကော့ကရိတ်၊ အထက(၂) ဟားခါး၊ အထက(၁) ရွှေဘို၊ အထက-အုန်းတော၊ အထက-အုန်းနဲ၊ အထက-အေးမြသာယာ၊ အထက-စကု၊ အထက-ပြလို့၊ အထက-သရက်၊ အထက(၁) ပျော်ဘွယ်၊ အထက-လက်ပံပြား၊ အထက-ရွှေပြည်၊ အထက-ဟံဂံ၊ အထက(၁) သထုံ၊ အထက(၂) သံတွဲ၊ အထက(၁) အမ်း၊ အထက-စိုက်မွေး၊ အထက-ညောင်နှစ်ပင်၊ အထက-ငါးဆူတောင်၊ အထက(၃) ကျောက်မဲ၊ အထက(၁) ဒေးဒရဲ၊ အထက-ချင်းမြောင်၊ အထက(၂၀) ပုဗ္ဗသီရိ၊ အထက(ခွဲ) ပေါင်လင်း၊ အထက-မန်တုံ၊ အထက(၂) လောက်ကိုင်၊ အထက-ကျုံး၊ အထက-နန်းယွန်း) (၂၉) ကျောင်း နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ (မြစ်ကြီးနား၊ ဗန်းမော်၊ လှိုင်ကော်၊ ဘားအံ၊ ပလက်ဝ၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊ တောင်ငူ၊ ပြည်၊ မကွေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ စစ်တွေ၊ လက်ခုပ်ကုန်း၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပုသိမ်၊ မအူပင်၊ နေပြည်တော်၊ လဟယ်၊ ပူတာအို၊ တီးတိန်၊ ခန္တီး၊ ကလေး၊ ချောင်းဦး၊ ကော့သောင်း၊ ပခုက္ကူ၊ မန္တလေး၊ မြင်းခြံ၊ မော်လမြိုင်၊ ရွာမ၊ ပင်လုံ၊ ပင်းပက်၊ ဟသ်ာတ) (၃၆)ကျောင်း စုစုပေါင်း (၆၅)ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ခ) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ် သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက B.Tech ပထမနှစ် သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့ လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်မည့် အစီအစဉ် ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၅။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဂ) စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်း (Machining Technology)

၆။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Automotive Technology)

(င) စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်း (Machining Technology)

(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း (Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း (Information Technology)

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၅-၅-၂၀၂၃ ရက်မှ စတင် ထုတ်ယူနိုင်ပြီး ၁၈-၅-၂၀၂၃ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောဆာကဘရှုရှီး ၂/လကန(နိုင်) ၀၂၁၂၈၅ နှင့်ဒေါ်နော်ဖဲနာ ၂/လကန(နိုင်)၀၂၁၈၂၉ တို့၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ဦးစောဆာကဘရှုရှီးနှင့် ဒေါ်နော်ဖဲနာ တို့၏သမီးဖြစ်သူ မနော်ကညောစယ်ရှီး ၂/လကန(နိုင်) ၀၈၀၈၄၀ သည်မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်းတစ်ဦးတည်းသဘောဖြင့် မိဘနှစ်ပါးကိုယ်စိတ်ဆင်းရဲစေသည့် ခွင့်မလွှတ်နိုင်သော ကိစ္စများအား အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစောဆာကဘရှုရှီး**
**၂/လကန(နိုင်)၀၂၁၂၈၅**
**ဒေါ်နော်ဖဲနာ**
**၂/လကန(နိုင်)၀၂၁၈၂၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းအောင်သူလင်း(LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၉၅)**
**လှိုင်ကော်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ အထက(၂) မိုးညှင်း၊ အထက(၂) ကော့ကရိတ်၊ အထက(၂) ဟားခါး၊ အထက(၁) ရွှေဘို၊ အထက-အုန်းတော၊ အထက-အုန်းနဲ၊ အထက-အေးမြသာယာ၊ အထက-စကု၊ အထက-ပြလို့၊ အထက-သရက်၊ အထက(၁)ပျော်ဘွယ်၊ အထက-လက်ပံပြား၊ အထက-ရွှေပြည်၊ အထက-ဟံဂံ၊ အထက(၁)သထုံ၊ အထက(၂)သံတွဲ၊ အထက(၁)အမ်း၊ အထက-စိုက်မွေး၊ အထက-ညောင်နှစ်ပင်၊ အထက-ငါးဆူတောင်၊ အထက(၃) ကျောက်မဲ၊ အထက(၁)ဒေးဒရဲ၊ အထက-ချင်းမြောင်၊ အထက (၂၀)ပုဗ္ဗသီရိ၊ အထက(ခွဲ) ပေါင်လင်း၊ အထက-မန်တုံ၊ အထက(၂)လောက်ကိုင်၊ အထက-ကျုံး၊ အထက-နန်းယွန်း (၂၉)ကျောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ အထက(၁) ဝိုင်းမော်၊ အထက(၁)ဗန်းမော်၊ အထက-ချီကယ်၊ အထက-ဒုံရင်း၊ အထက(၁) ပလက်ဝ၊ အထက (၂) အလုံ၊ အထက-သမုတ်၊ အထက (၄) ထားဝယ်၊ အထက-ညောင်ခြေထောက်၊ အထက-ရွှေတောင်၊ အထက-မြေပြင်သာ၊ အထက(၆) မိတ္ထီလာ၊ အထက-မြစ်သား၊ အထက(၁)စစ်တွေ၊ အထက-သဝန်းတော၊ အထက(၁)အေးသာယာ၊ အထက (၁) လားရှိုး၊ အထက-ဝမ်အွယ်၊ အထက-စကြ္ကော့၊ အထက-ကန်ကြီးထောင့်၊ အထက (၁) ပျဉ်းမနား၊ အထက-လဟယ် (၂၂)ကျောင်း စုစုပေါင်း (၅၁) ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ခ) လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ စိုက်ပျိုးရေးအတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးသိပ္ပံ/အစိုးရစက်မှုလက်မှုသိပ္ပံ (Farm Machinery) ပထမနှစ်သင်တန်းများသို့ လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့ လည်းကောင်း၊ မွေးမြူရေး အတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးသိပ္ပံ/ ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့ လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည် ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့်ပုံနှိပ်စာအုပ်များ ပေးအပ်မည့် အစီအစဉ် ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၅။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များတွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) စိုက်ပျိုးရေးသင်တန်း

(ခ) မွေးမြူရေးသင်တန်း

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် ၅-၅-၂၀၂၃ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၁၈-၅-၂၀၂၃ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည် ဖြစ်သည်။

၇။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၁၀၂၉၆ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် BB/2447 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဦးပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်ကွက်၊ အကွက်အမှတ် (၄၆)၊ အကွက်အမည်-ဇရစ်၊ ဦးပိုင်အမှတ် (၈၆.ခ)၊ မြေ ဧရိယာ ၀.၀၁၁ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ် (၈၆.က) |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ် (၈၅) |
| (ဂ) | တောင်လားသော် | - | ရွာလယ်လမ်း |
| (င) | မြောက်လားသော် | - | ဦးပိုင်အမှတ်(၈၇)၊(၈၈) |

အထက်ဖော်ပြပါမြေကို ဦးပိုင်အမည်ပြောင်းပေးရန် ဒေါ်သာထိုက်ပါ (၃) ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ ဇွန်လ ၁ရက်နေ့မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်စဉ်-၁/၂၀၂၃-၂၀၂၄)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မြန်အောင်ခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား သက်ဆိုင်ရာလုပ်ငန်းခွင်အရောက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူ၍ (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/နေရာ | - ၁၅-၅-၂၀၂၃ရက် (တနင်္လာနေ့) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ မြန်အောင်ခရိုင် |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - ၂၄-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ |
| (ဂ) | တင်ဒါဖွင့်ပွဲကျင်းပ မည့်ရက်/အချိန် | - ၂၅-၅-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပ မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ မြန်အောင်ခရိုင် |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြန်အောင်ခရိုင် ဖုန်း-၀၉-၄၂၂၄၈၆၁၀၂၊ ၀၉-၄၂၂၅၃၈၆၉၈ တို့သို့ (၁၅-၅-၂၀၂၃) ရက်မှ စတင် ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ မြန်အောင်ခရိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/4832 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## အမည်ပြောင်း

ကော့သောင်းမြို့၊ ဗိုလ်ချုပ်လမ်း၊ အောင်သုခရပ်ကွက်နေ ဦးလှ မောင်၏သား မောင်သူရဇော်အား ယနေ့မှစ၍ မောင်ဟိန်းသူရဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းသူရဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ဃ/၈၁၇၇၂, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုဦး ၆/မအရ(နိုင်) ၀၉၃၆၇၁က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9847, Mitzu-bishi Minicab U62T, Pick Up (4x4) (R) ယာဉ်လက်ဝယ်ရှိသူ မဖြူစင်နှင်းခက် ၁၁/စတန(နိုင်)၁၀၇၅၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ထောက်ရှာတန်းကျေးရွာ အထက(ခွဲ) Grade-11 (အောင်)မှ မစုမြတ်ဝေ ၏ဖခင်အမည်မှန်မှာ ဦးတင်မောင်ထွန်း ၈/မသန(နိုင်) ၀၂၆၀၂၉ ဖြစ်ပါကြောင်း။

**ဦးတင်မောင်ထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမိုးဟိန်း ၁၂/ဗဟန(နိုင်)၁၀၀၆၄၉၏ ပတ်စ်ပို့နံပါတ်(နံပါတ်မမှတ်မိသည်) ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၂၂၆၂၉၉၂**

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်မြရွှေသည် မြန်မာလူမျိုး/ဗုဒ္ဓဘာသာကိုးကွယ်သူ အမျိုးသမီးတစ်ဦးဖြစ်ပြီး အိမ်ထောင်မရှိ(အပျိုကြီး)တစ်ဦး ဖြစ်ပါသည်။ ဒေါ်မြရွှေအနေဖြင့် မိမိအပေါ်တွင် မိဘရင်းချာသဖွယ်ပြုစုစောင့်ရှောက်နေသူ မြေးတော်စပ်သူ ဦးကျော်မိုးလွင်(ဘ)ဦးသိန်းရွှေ ၉/ပမန(နိုင်)၁၃၀၁၂၂အပေါ် မိမိ၏သားအရင်းနှင့် မခြား ချစ်မြတ်နိုးသည့်အတွက် သားသမီးအရင်းအချာများ ခံစားစံစားထိုက်သော ကောင်းမွေဆိုးမွေမှုစ၍ မိမိ၏မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းတို့၏ အခွင့်အရေးကို သိရှိခံစားစေလိုသည့်အတွက် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ၈-၂-၂၀၂၃ ရက်တွင် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ "အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်"ကို စာချုပ်အမှတ် (၇၇/၂၀၂၃) ဖြင့် ချုပ်ဆိုလျက် တရားဝင် အမွေဆက်ခံခွင့်ရရှိအောင် မွေးစားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မြရွှေ(ဘ)ဦးဗလ ၉/ပမန(နိုင်)၁၁၅၀၁၀ နှင့် ပိုင်ဆိုင်ပတ်သက်သော ကောင်းမွေဆိုးမွေမှုစ၍ ၎င်း၏ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းတို့သည် ဦးကျော်မိုးလွင် (ဘ) ဦးသိန်းရွှေ၊ ၉/ပမန(နိုင်)၁၃၀၁၂၂ သာလျှင် ခံစားပိုင်ခွင့်ရှိပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးသန့်ဇင်ကျော် LL.B, DBL,PGDE** | **ဦးသီဟရဲစိုး LL.B** | **ဦးပြည့်ဖြိုး LL.B** |
| **(စဥ်-၁၁၆၀၅/၂၀၁၆)** | **(စဥ်-၅၄၃၈၉/၂၀၂၁)** | **(စဥ်-၅၄၆၈၆/၂၀၂၂)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေများ)** | |

**ယ၆/(၅၅-ခ)၊ အောင်သပြေလမ်း၊ အောင်မင်္ဂလာ၊ ရန်အောင်(၁)ရပ်၊**
**ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၁၀၇၇၅၀**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးတင့်ဇော်(ဘ)ဦးခင်မောင်ညို ၉/မတရ(နိုင်) ၁၃၀၁၃၂ သည် ဦးလေးလွင် (ဘ)ဦးခင်မောင် ၉/မထလ(နိုင်)၁၃၅၆၅၈ အမည်ပေါက်ပိုင်ဆိုင်သည်ဆိုသော ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ မြေကွက်အမှတ် ပစ(င)-၁၃၇၇ ဟုခေါ်တွင်သည့် (၄၀x၆၀)ပေ ကျယ်ဝန်းသော ဝိုင်းခြံမြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးလေးလွင်ထံမှ ၈-၁၁-၂၀၁၁ ရက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်လက်ရောက် ဝယ်ယူခဲ့သည်ဟု သိရှိရပါသည်။ သို့ဖြစ်၍အထက်ပါဝိုင်းခြံမြေကွက်အမှတ် ပစ(င)-၁၃၇၇ မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးတင့်ဇော်တစ်ဦးတည်း တရားဝင်ဝယ်ယူ ပိုင်ဆိုင်သော ဝိုင်းခြံမြေကွက်ဖြစ်ကြောင်းနှင့် အခြားတစ်ဦးတစ်ယောက်အနေဖြင့် ဝိုင်းခြံမြေကွက်အား ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ အမည်ပြောင်းဆောင်ရွက်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းမပြုလုပ်ကြရန်၊ ကျွန်ုပ်၏မိတ်ဆွေအပေါ်တွင်လည်း တစ်စုံတစ်ရာ ဟန့်တားနှောင့်ယှက်ခြင်းမျိုး မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးညွှန့်သူ (LL.B) (စဥ်-၁၆၀၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၂)၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့**
**ဖုန်း-၀၉-၇၉၃၂၄၁၆၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၅၃၃)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးအောင်ကျော်လွင် (ဘ) ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအောင်ကျော်လွင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၇/၂၀၂၃)၊ (၂၄-၄-၂၀၂၃)ရရှိထားသူ ဦးဝေမိုးအောင် (ဘ) ဦးကြည်လွင် ၈/ ပခက(နိုင်)၁၇၅၅၂၄ မှ ဒေါ်စောလဲ့ရည်ခိုင် (ဘ) ဦးစောလူဂ ၈/ပခက(နိုင်) ၁၇၉၇၀၂နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၅/မမ/ CTM (၂၃-၂၄) | မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင် နှင့် ပုဂံ ဘူတာကြီးတို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၈. ၅. ၂၀၂၃ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၄ . ၅ . ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီးကျေးရွာ၊ တောင်အုပ်စု၊ အောင်မင်္ဂလာရပ်ကွက်၊ ဦးပိုင်အမှတ်(၇၅/၁၁၂)၊ ကွင်းအမှတ်(၆၇၃)၊ ကွင်းအမည်- နောင်ခမ်းကြီးတောင်ကွင်း၊ အရှေ့လားသော် - လမ်း၊ အနောက်လမ်းသော် - ဒေါ်ခင်စန်းဝင်းခြံကွက်၊ တောင်လားသော် - ဦးသိန်းအောင်အိမ်၊ မြောက်လားသော် - ဒေါ်ခင်စန်းဝင်းအိမ် အသီးသီးပါရှိပြီး မြေဧရိယာအကျယ်အဝန်း ၀ ဒသမ ၇၈ဧကထဲမှ ခွဲထွက်၍ မြေဧရိယာ အကျယ်အဝန်း(၄၆ x ၅၂ x ၁၄၂ x ၁၂၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်စန်းဝင်း ၉/မမန(နိုင်)၀၃၅၉၂၂ သည် အမည်ပေါက်ပိုင်ဆိုင်ပြီး ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းညွှန့်ညွှန့်စိန် ၉/ကမန(နိုင်) ၀၃၇၄၃၅ က ဥပဒေနှင့်အညီ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အထက်အဆိုပါ မြေနှင့်မြေကွက်အပါအဝင် စာချုပ်စာတမ်းများကို လက်ရောက်လက်ခံ လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲ ပိုင်ဆိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းညွှန့်ညွှန့်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၃၆၇/၁၉-၁၂-၂၀၁၉)**
**ရ.က.က(၁၀)၊ ပြင်ဦးလွင်**
**ဖုန်း-၀၉-၄၄၀၄၆၅၂၂၇၊ ၀၉-၇၉၆၄၆၂၆၅၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၃)၊ ဦးပိုင်အမှတ်(၆၇)၊ ၄၆x၄၇လမ်းကြား၊ အောင်ဇေယျနှင့်အောင်ဆန်းလမ်းကြားရှိ တပ်ကြပ်ကြီးဇော်ဝင်းအမည်ပေါက်တောဂရန်မြေကွက် ဦးဇော်ဝင်း ၉/မထလ(နိုင်)၀၁၀၆၆၆၏ (SP ရသူ ဒေါ်အေးအေးခိုင်)က မူရင်းအား ပိုင်ရှင်၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၃၅၅/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၄၄)၊ ကွင်းအမှတ်(၁၂)၊ မြူနီစပါယ်ရုံးကွက်၊ ဦးပိုင်အမှတ်(၂၀)ရှိမြေရှင် ဦးနေစိုး ပိုင်ဆိုင်သောမြေကွက်ပေါ်ဆောက်လုပ်ထားသော (၃)ခန်းတွဲ ခြောက်ထပ်ခွဲ၏ပထမထပ်(မှန်ခန်း)၊ အခန်းအမှတ်(စီ)၊ (၁၃ ဒသမ ၆ပေx၄၇ပေ)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဦးတင်မောင်မြင့် ၁၂/သလန (နိုင်)၁၁၀၅၁၄ ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးစည်သူအောင် ၁၂/ဥကတ (နိုင်)၁၃၈၃၂၆ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးစည်သူအောင်၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြသီတာ(LL.B)** | **ဒေါ်အေးသန္တာမင်းအောင် (LL.B)(D,B.L)** |
| **(စဥ်-၁၁၉၀၁ )** | **(စဥ်-၁၁၉၀၄ )** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၇၂၄၉၄**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၆၂၉/နတ်ရေတွင်း)၊ ဦးပိုင်အမှတ် (၄၀)၊ ဧရိယာ ၁၀ ဒသမ ၁၁ ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်အေး အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိထားသော ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးမောင်မောင်အေး (ဘ) ဦးကျော်လှိုင် ၁၂/လသန (နိုင်) ၀၀၆၂၆၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေး စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေမြင့် (LL.B,D.B.L,D.I.L)**
**၁၅၁၅၃**
**တရားလွှတ်တော်ရှေ့နေ**
**၅၅လမ်း ၊ ၂၆x၂၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၄၀၁၆၂၅၀ ၊ ၀၉- ၄၄၄၀၀၁၆၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမူမူမောင် ၁၁/ သကန(နိုင်)၀၅၄၁၅၈၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၆၃၇၃၀၄၆၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းစန်းထွေး ၁၁/သကန(နိုင်)၀၅၁၃၁၀ ၏ နိုင်ငံကူး လက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၇၇၂၈၆**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကတွန်ကျေးရွာနေ ဦးအေးမောင်၏ သမီး မသီတာမွန် ၁၀/ပမန(နိုင်) ၂၃၆၆၆၅၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၂၀၀၂ ဖြစ်ပါကြောင်း။

**မသီတာမွန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6826 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၉၄)ခဲစင်း၊ ၅၀x၅၁ လမ်းကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ တပ်ကြပ်ကြီးကျော်မြင့်အမည်ပေါက်တောဂရန် မြေကွက်အား ဦးကျော်မြင့်၊ MTA ၀၅၉၂၉၀ ၏(SP ရသူ ဦးခင်မောင်ထွေး) က အမည်ပေါက်သူ ဦးကျော်မြင့်၏ မှတ်ပုံတင်မူရင်းနှင့် အိမ်ထောင်စုမူရင်းတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၆၄၃၂/၂၀၂၂-၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) Grade-4 မှ (ဘ) ဦးမြင့်ကြိုင် ၉/ပဘန(နိုင်)၀၂၅၅၂၅ ၏ သား မောင်သူရရဲဝံ့အား ယနေ့မှစ၍ မောင်သူရရဲဝင့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သူရရဲဝင့်**

## ပျောက်ဆုံးကြောင်း

မောင်အောင်ကျော်ထူး ၇/ကတခ(နိုင်)၁၇၆၆၄၂ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၃၁၅၃၈၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/1515 Mitsubishi Canter ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၂၈၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစိုးဦး KMW-၁၄၅၀၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၇၁၃၁၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းဖူးပွင့်မွန် ၁၀/ကမရ(နိုင်)၁၈၃၀၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသ၊ ကျောက်ထရံရွာနေ ဦးသန်းဇော်ထွန်း ၆/ထဝန(နိုင်)၀၃၈၇၁၂၊ ဒေါ်သဲစိုး ၆/ရဖန(နိုင်)၀၆၃၈၂၉ တို့၏ သမီးဖြစ်သူ မဖူးသဇင်ထွန်း ၆/ရဖန(နိုင်)၁၂၈၈၄၅ သည် မိဘ၏ ဆိုဆုံးမခြင်းကို မခံယူဘဲ မိဘဂုဏ်သိက္ခာကျဆင်းအောင်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအားယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသန်းဇော်ထွန်း-ဒေါ်သဲစိုး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၇၆၊ မြေကွက်တည်နေရာအမှတ်(၁၆၀)၊ ၉-လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကိုကိုရီ ၁၂/ဥကတ (နိုင်)၀၄၇၈၇၆ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန် အမည်ပေါက် ဦးကိုကိုရီ (ဖခင်) နှင့် ဒေါ်သင်းသင်း (မိခင်)တို့ ကွယ်လွန်ပြီး မွေးဖွား သား/သမီး(၈)ဦးတွင် သားတစ်ဦးဖြစ်သူ ဦးဇော်အောင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်နှင်းဖြူဖြူ ၁၂/ဥကတ(နိုင်) ၀၄၇၇၂၄ မှလည်းကောင်း၊ ကျန်သားတစ်ဦးဖြစ်သူ ဦးကျော်စိုး ကွယ်လွန်သဖြင့် ဇနီးတော်စပ်သူ ဒေါ်ခင်မိုးမြင့် ၁၂/ဥကတ (နိုင်) ၀၀၈၆၁၁ မှလည်းကောင်း၊ ကျန် သား/သမီးများဖြစ်ကြသော ဒေါ်အေးအေးမူ ၁၂/ဥကတ(နိုင်)၀၄၇၇၂၂၊ ဦးခင်မောင်ထွဋ် ၁၂/ဥကတ(နိုင်)၀၄၈၁၄၉၊ ဦးလူမော် ၁၂/ဥကတ (နိုင်) ၀၄၈၆၁၀၊ ဦးစိန်ဝင်း ၁၂/ဥကတ (နိုင်) ၀၄၈၉၉၃၊ ဦးဇော်မင်းနိုင် ၁၂/ဥကတ (နိုင်) ၀၄၇၀၃၁၊ ဦးကိုကိုအောင် ၁၂/ဥကတ (နိုင်)၁၃၃၈၁၇ တို့နှင့်ပူးတွဲ၍ သား/သမီးနှင့် ချွေးမများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခနှင့် ၁၉၉၈ ခုနှစ်တွင် ဘဏ်ချေးမြေပုံကူး လျှောက်ထားသော မြေပုံမူရင်းပျောက်ဆုံးသွားပါသဖြင့် ဖြစ်လာသမျှကိစ္စအဝဝကို တာဝန်ယူကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ (ပိုင်ဆိုင်+ စွန့်လွှတ်+အရောင်း)မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ အောင်ဆန်းဘုတာရုံလမ်း၊ အမှတ်(၇၀၆)နေ ဒေါ်ကြည်ကြည်မြင့် ၁၂/အစန(နိုင်)၁၂၆၈၇၄ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀၀/ဘီ)၊ လူနေရပ်ကွက်အမှတ်-စဥ့်ငူ၊ မြေကွက်အမှတ်(၆၃/ခ)၊ ဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ မြေနှင့်အိမ်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်သန်းလင်း** | **ဒေါ်အိအိစိုး** |
| **(LL.B, D.B.L, D.M.L)** | **(LL.B, D.I.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၈၅၇၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၀၁)** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်**
**ဖုန်း-၀၉-၂၅၂၀၈၉၄၄၂၊ ၀၉-၄၅၀၀၄၂၂၈၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အနောက် ရပ်ကွက်၊ တင့်ဆန်းလမ်း၊ အမှတ် (၅)ဟု ခေါ်တွင်သော(၁)ခန်းတည်း (၆)ထပ်တိုက်၏ ၆-လွှာ၊ အကျယ်အဝန်း (၁၉ပေx၄၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို ၃၀-၄-၂၀၂၄ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးတင်မောင်ထွေး ၁၂/ဗဟန(နိုင်) ၀၅၂၅၀၄ ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဒေါ်ကြည်ကြည်ဝင်း ၁၁/ကဖန(နိုင်)၀၀၅၈၉၁ ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသောဦးနောင်နောင် ၁၂/ဗဟန(နိုင်)၀၂၄၀၃၄ နှင့် ဒေါ်အိအိသိန်း ၇/ရကန(နိုင်)၀၃၈၃၉၆တို့က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါကျွန်ုပ်တို့ရုံးခန်းသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဖျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၆၊ မြေကွက်အမှတ်(၁၀၄+၁၀၅) ဟုခေါ်တွင်သော ဒေါ်ခင်အေးခိုင် (ခ) ဒေါ်သန်းမြင့် အမည်ပေါက် နှစ် (၆၀) မြေငှားဂရံမြေကွက်၊ စတုရန်းပေ (၃၀၀၀)၊ ဧရိယာ (၀. ၀၆၈) ဧက၊ အကျယ်ပေ (၆၀'x၅၀') အကျယ်ရှိမြေကွက်နှင့် မြေပေါ်ရှိ အမှတ် (၁၀၄+၁၀၅)၊ ချင်းတွင် (၁) လမ်း၊ အဆင့်မြင့် (၅) ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် ယင်းမြေကွက်၊ နေအိမ်တို့နှင့် ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်အေးခိုင် (ခ) ဒေါ်သန်းမြင့် (၁၂/ဗဟန(နိုင်)၀၇၄၇၆၅) ၏သမီး၊ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ပောဇာမြင့်ဦး (၁၂/ဗဟန(နိုင်)၀၀၃၉၂၀) မှ လက်ရှိထားပိုင်ဆိုင် လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကြေညာ၍ ရောင်းချခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အတွက် စရံငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စအား ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ခင်မောင်ဌေး** | **မင်းမင်းဇော်** |
| **(စဉ်-၃၅၃၁/၈၆)** | **(စဉ်-၈၈၉၇/၁၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ မြေညီထပ်၊ ၄၁-လမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၈၂၄၅၇၈၄၊ ၀၉-၂၅၄၀၂၄၀၃၆၊ ၀၉-၂၆၁၄၁၁၅၅၃၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၈၅၆/ခ၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၄၅/ခ၊ မာန်ပြေ(၁၆)လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် (ဦးစွန်းရီ CF-၀၅၈၉၀၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစွန်းရီ (CF ၀၅၈၉၀၈)(ဖခင်)နှင့် မိခင်ဖြစ်သူ ဒေါ်မေမေလတ် (ခ) ဒေါ်မေမေလှတို့ အသီးသီးကွယ်လွန်ကြသဖြင့် တစ်ဦးတည်းသော သမီးအရင်းဖြစ်သူ ဒေါ်စန်းနွဲ့ ၁၂/သကတ(နိုင်)၀၃၁၇၆၆မှ မိဘများတွင် မိမိတစ်ဦးတည်းသော သမီးအရင်းဖြစ်ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် ကွယ်လွန်သူအမည်ပေါက်၏ အမည်မှန်မှာ ဦးစွန်းရီနှင့် ဦးစွန်းရီဟူ၍ အမည်အားဖြင့် နှစ်မျိုးဖော်ပြပါရှိသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း၊ ဒေါ်စန်းနွဲ့ကိုယ်တိုင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးစွန်းရီ၏ သေဆုံးမှုလက်မှတ်၊ ဒေါ်မေမေလတ် (ခ) ဒေါ်မေမေလှ ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထောက်ခံစာ၊ ဒေါ်မေမေလတ် (ခ) ဒေါ်မေမေလှ၏ သေစာရင်းမိတ္တူမှန်တောင်းခံခြင်းနှင့် ပတ်သက်၍ သေစာရင်းမှတ်တမ်း ရှာဖွေမတွေ့ရှိသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း၊ ရန်ကုန်တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပြန်ကြားစာ၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ မြေကွက်အမှတ် ၁၂၊ ဦးပိုင်အမှတ်(၂/ဈ)ရှိ မြေရှင်ဒေါ်အေးအေးမြင့်နှင့် ကန်ထရိုက်တာ ဦးအေးစိုးဦး ၁၂/မဂတ(နိုင်)၀၂၀၈၉၆တို့မှ အခန်းပေး အခန်းယူဆောက်လုပ်ထားသော ခြောက်ထပ်တိုက်တိုက်ခန်းများအနက်မှ အခန်းအမှတ်(4A)၊ စတုတ္ထထပ်၊ (၅)လွှာ၊ အကျယ်အဝန်း(၁၇ပေxပေ၅၀) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြေအမည်ပေါက်ဖြစ်သူ ဒေါ်အေးအေးမြင့် ၁၂/သလန(နိုင်)၀၃၁၁၈၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဘုန်းမြင့်ဇော် ၁၂/တမန(နိုင်)၁၃၀၅၅၅မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘုန်းမြင့်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B, D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၃၅၁/၁၃-၉-၂၀၁၂)** | **(စဉ်-၅၃၁၅၀/၂၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၁၅)လမ်း၊ မြေကွက်အမှတ် (အက်ဖ် ၈၁) ဟုခေါ်တွင်သော ဒေါ်မြင့်မြင့်စိန် အမည်ပေါက် အလျား x အနံ (၄၀x၆၀)ပေ အကျယ် မြေကွက်နှင့် ယင်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်ဝါဝါမြင့် ၁၂/သလန (နိုင်)၀၁၁၇၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေဝေဖြိုး ၁၂/ဗဟန (နိုင်)၀၇၇၁၈၇ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B, D.B.L)** | **ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)** |
| **(စဉ် - ၁၄၆၆၈)** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ် - ၅၀၈၅၄)** |

**အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ် (P.I.C)ဝင်းနေ ဦးခိုင်သိန်း၊ ၈/ခမန(နိုင်)၁၀၁၅၂၂ နှင့် (ဒေါ်သီတာရွှေဇင်) ၈/ခမန(နိုင်)၀၀၂၉၉၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မချမ်းမြေ့ရွှေဇင် ၈/ခမန(နိုင်)၁၉၇၃၇၅ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ကြေညာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မချမ်းမြေ့ရွှေဇင်နှင့် ပတ်သက်သော လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မီမီအောင် (LL.B)(WIPO, SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၃၂/၂၀-၁၂-၂၀၁၂)**
**အမှတ် (အေ-၁၅)၊ ၄-လမ်း၊ ကန်သာရပ်ကွက်၊ မကွေးမြို့**
**ဖုန်း - ၀၉- ၂၅၆၆၃၇၆၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ လူနေရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် - ၆၂၆/က၊ (အလျား၂၀ ပေ x အနံ ၆၀ပေ) အကျယ်ရှိ ဦးကျော်သက်ဦး အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက် တည်ရှိရာ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အနောက်) ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၆၂၆/က) ဟုခေါ်တွင်သော မြေနှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရဲလင်းဦး ၁၂/သကတ(နိုင်)၂၀၂၉၅၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာထွန်း (LL.B) (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)**
**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၆၅၁၁၅၁၀၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၊ မြေကွက်အမှတ် ၂၃၁ ဟုခေါ်တွင်သော မြေအကျယ် (၂၀'x၆၀') ရှိ ဒေါ်ခင်လေးမြင့်အမည်ဖြင့် မြေချပါမစ်ရရှိထားသော မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ (၂)ထပ်အဆောက်အအုံတို့အား ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူလက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးစည်သူမင်းထက်နှင့် ဒေါ်သီသီမြင့်တို့ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုစန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၁၉၇)**
**အမှတ် - ၁၃၉၊ ခ/၅လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖုန်း - ၀၉-၅၀၆၀၄၇၆**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်တာဝါ၊ (2-A) (တတိယထပ်)၊ အခန်း (၃၀၅) နေ ဦးနေလင်းအောင် ၁၂/တမန(နိုင်)၁၀၃၃၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါ သည်-

ဦးနေလင်းအောင်နှင့် ဒေါ်ခိုင်ဇင်ဝင်း ၁၂/တမန(နိုင်)၁၁၈၂၁၁ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သည့်အတွက်ကြောင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြရန် ဦးနေလင်းအောင်မှ ဒေါ်ခိုင်ဇင်ဝင်းသို့ ကမ်းလှမ်းရာ ဒေါ်ခိုင်ဇင်ဝင်းဘက်မှလည်း သဘောတူသဖြင့် ၂၆-၄-၂၀၂၄ ရက်တွင် ဦးနေလင်းအောင်နှင့် ဒေါ်ခိုင်ဇင်ဝင်းတို့သည် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးသူများဖြစ်ကြပါသည်။ ထို့အတွက်ကြောင့် ဦးနေလင်းအောင်နှင့် ဒေါ်ခိုင်ဇင်ဝင်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်းနှင့် ထိုကဲ့သို့ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ ဦးနေလင်းအောင်၏ လူမှုရေး၊ စီးပွားရေး၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ဟန့်တားနှောင့်ယှက်ခြင်း တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ဦးနေလင်းအောင်အား ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေသည့် အပြောအဆိုအပြုအမူများကို လုံးဝ(လုံးဝ) မပြုလုပ်ရန်အတွက် အသိပေးအပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲရင့်သူ**
**အထက်တန်းရှေ့နေ (စဉ်-၅၀၁၃၈)**
**အမှတ် (၂၄)၊ ဗိုလ်မြင့်အောင်လမ်း၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၆၅၅၄၇၈၀၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| ဒေါ်နီနီခင် | နှင့် | ဒေါ်အုံးခင် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ် (၂၈) နေ တရားပြိုင် ဒေါ်အုံးခင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ် မေ ၁၈ ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လကွယ်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုပြုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ် မေ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရအောင်သင်းကြိုင်)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
မရမ်းကုန်းမြို့နယ်တရားရုံး

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ တိလောကဉာဏ(ခ)ဦးပေါ်ထွန်းဝင်း
## ဘာသာပြန်စာရေးဆရာ
## သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၃၄)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သရွတ်ဝရွာ၊ ခမည်းတော် ဦးမြဒင်-မယ်တော် ဒေါ်မမကြည်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ရေစင်တောင်ကျေးရွာ၊ အောင်ရတနာကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တ တိလောကဉာဏသည် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁၄ရက်) ၂-၅-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၅:၃၀ နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

(၁၃၈၅ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်) ၅-၅-၂၀၂၃ရက် (တနင်္လာနေ့) တွင် အထက်ပါကျောင်းတိုက်၌ ရေစက်ချအမျှဝေကာ ရည်စူးကုသိုလ်ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ**
**ရေစင်တောင်ကျေးရွာ၊ မှော်ဘီမြို့နယ်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အောင်
### အသက် (၈၆)နှစ်

ဦးသက်ပိုင်-ဒေါက်တာ ဆွေဇင်မြင့်တို့၏ ချစ်လှစွာသောဖခင် ဦးတင်အောင် အသက် (၈၆)နှစ်သည် ၃၀-၄-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၃၀)မိသားစုများ**

---

## မရည်လဲ့ဝင်း(ခ)လုံးလုံး
## အထက (၂) ကမာရွတ်ကျောင်းသူဟောင်း
### အသက် (၃၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ကိုဖြိုးထက်အောင်၏ ချစ်လှစွာသောဇနီး၊ မောင်ဘုန်းခန့်တည်၊ မောင်ဘုန်းမြတ်တည်တို့၏ ချစ်လှစွာသောမွေးမိခင်၊ ဦးလှဝင်းမောင်-ဒေါ်ဆွေဆွေတင်တို့၏ သမီးလတ်၊ ဦးဝင်းနိုင်-ဒေါ်သင်း သင်းအောင်တို့၏သမီးချွေးမ၊ မဇာဖြူဝင်း၏ညီမ၊ မောင်သီဟဝင်းမောင်၏အစ်မဖြစ်သူ မရည်လဲ့ဝင်း(ခ) လုံးလုံးသည် ၄-၅-၂၀၂၃ရက် နံနက် ၇:၂၀နာရီတွင် ပင်လုံအထူးကုဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးမြင့်
### အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ နဝရတ်လမ်း၊ အမှတ် (၄၀)နေ (ဒုဗိုလ်မှူးကြီး ဝင်းထိန်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းဦး-ဒေါ်ခင်သူဇာမြင့်၊ ဦးမိုးနိုင်-ဒေါ်ခင်ခင်ညို၊ ဗိုလ်ကြီးမိုးအောင်(ငြိမ်း) - ဒေါ်ခင်ဆွေဝင်း၊ (ဦးသက်ဝင်း-ဒေါ်ကေခိုင်စုကလျာဝင်းတို့၏မိခင်ကြီး၊ မောင်ဇင်ဝင်းထက်-မအိမ့်ချယ်မြတ်၊ ဗိုလ်ဖြိုးသက်အောင်၊ မောင်လှိုင်ဝေလင်း၊ မောင်ဝင်းသီဟ၊ မောင်စွမ်းဝေလင်းတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၄-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၆:၂၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၆-၅-၂၀၂၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်းဦး(သန်လျင်)
## နာယက၊ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရရိပ်သာ၊ သန်လျင်
### အသက်(၅၇)နှစ်

ဒေါ်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်သန်းဦးသည် ၃-၅-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နုဂ္ဂဟအဖွဲ့**
**အပြည်ပြည်ဆိုင်ရာဖားအောက်တောရရိပ်သာ**
**သန်လျင်မြို့နယ်**

---

## သွေးသည် အသက်

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလက္ခိတ
## သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

ခနုဖြူမြို့နယ်၊ ရေလဲကျေးရွာ၊ ရွှေကညင်ပင်တစ်ပါးကျောင်း ဆရာတော်(စံကင်းနိကာယဂိုဏ်းချုပ်သာသနာ့ဇောတိကာလင်္ကာရ၊ ရေဖျင်း ကျောင်းဆရာတော်၊ ညောင်တုန်းမြို့နယ်၊ ရွာသစ်နိကာယဂိုဏ်းချုပ်ဆရာတော်) နယ်လှည်းဓမ္မကထိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလက္ခိတ မဟာထေရ်မြတ်ကြီးသည် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၇ရက်) ၂၅-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၀:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၅ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက်) ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ခနုဖြူမြို့နယ်၊ ရေလဲကျေးရွာ၊ ရွှေကညင်ပင် တစ်ပါးကျောင်းတိုက်အတွင်း၌ အန္တိမစျာပန ဂူသွင်းပူဇော်မည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်တင်တင်ငွေ
### အသက်(၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်ရပ်ကွက်ကြီး(၁၀)၊ နဝရတ်နှင့် လမ်းသွယ်(၂)လမ်းထောင့်၊ အမှတ်(စ၂/၄၄)နေ (ဦးစံထွန်း- ဒေါ်ရွှေ)တို့၏သမီး၊ (ဦးအောင်သိန်း-ဒေါ်ကြည်)တို့၏သမီးချွေးမ ၊ (ဦးလှမောင်)[လွတ်လပ်ရေး မော်ကွန်းဝင်ဒုတိယအဆင့်၊ ကုန်သွယ်ရေး(၄)ဥက္ကဋ္ဌ(ငြိမ်း) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ(ဟောင်း)]၏ဇနီး၊ (ဦးအောင်နိုင်)၊ ဒေါ်အေးအေးကြူ၊ ဦးရဲအောင်တိုး-ဒေါ်စန်းစန်းလှ၊ ဦးခင်မောင်ဌေး-ဒေါ်အေးအေးမူ၊ ဦးကျော်ဇော- ဒေါ်တင်မာစန်း၊ ဦးဝင်းဖေ-ဒေါက်တာစန်းစန်းလွင်၊ ဦးကျော်ဇေယျတင်-ဒေါ်ခင် မျိုးမျိုးထွဋ်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ရှစ်ယောက်၊ တီတစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂-၅-၂၀၂၃ရက် (အင်္ဂါနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရှစ်မိုင်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးသိမ်းမောင်(မြတ်နိုးသူစတိုး)
## စစ်တွေမြို့
### အသက်(၆၇)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ လမ်းမကြီး၊ အမှတ်(၂၅၁)နေ (ဦးသံလုံး-ဒေါ်မရီ)တို့၏ သားလတ်၊ (ဦးလှစိန်-ဒေါ်နှင်းဦးခိုင်)၊ ဦးမောင်သန်း- ဒေါ်စမ်းစမ်းဦး၊ (ဦးဝကြီးမောင်)-ဒေါ်မသန်း၊ ဦးမောင်သောင်း-ဒေါ်တင်ဝင်း တို့၏ညီ၊ (ဦးသိန်းဇော်)၏အစ်ကို၊ ဒေါ်အေးခင်၏ခင်ပွန်း၊ မချိုဝေလွင်၊ မောင်ထွန်းလင်းတို့၏ မွေးသဖခင်သည် ၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်အဖေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၃၃)နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍၉-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါ အလုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမင်းအောင်သုံ
### အသက်(၅၆)နှစ်

မန္တလေးမြို့၊ အမှတ်(၆)၊ ၃၃လမ်း၊ ၆၇x၆၈လမ်းကြားနေ ဗိုလ်မှူး ကြီးမောင်မောင်သုံ-ဒေါ်ခင်နှင်းမူတို့၏ သား၊ ဦးစိန်ဝင်း-ဒေါ်ခမ်းစံတို့၏သားမက်၊ ရန်ကုန်မြို့နေ ဦးတင်မောင်သန်း-ဒေါ်မိုးသူဇာသုံတို့၏ မောင်၊ ဘားအံမြို့နေ ဦးတင့် ဝေသုံ-ဒေါ်လှလှဌေးတို့၏ညီ၊ မန္တလေးမြို့နေ ဦးကြည်မင်းထူး-ဒေါ်မျိုးသန္တာသုံ၊ ဦးညီညီကျော်-ဒေါ်ခင်သီတာသုံတို့၏အစ်ကို၊ တူ၊ တူမ ၉ယောက်တို့၏ဦးလေး၊ ဒေါ် နန်းဝါဝါခမ်း၏ခင်ပွန်း၊ မခင်ကံ့ကော်သုံ၊ မောင်ခွန်ရဲရင့်သုံတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး ဦးမင်းအောင်သုံသည် ၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၃ ရက်(စနေနေ့) နံနက် ၉နာရီတွင် ၃၃လမ်း၊ ၆၇x၆၈လမ်းကြားနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်းဦး
## မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ(ဟောင်း)
### အသက် (၅၇)နှစ်

၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ကဆုန်လပြည့်နေ့ နံနက် ၀၆:၀၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်း ကြေကွဲဖြစ်ရပါသည်။

**မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း**
**အမှုဆောင်များနှင့် အသင်းသူ/သားများ**

---

## အမည်ပြောင်း

ဦးမျိုးကိုကိုနှင့် ဒေါ်ဟေမာဝင်းတို့၏သမီး မူလွန်ညောင်ဇင်ကျောင်း၊ စတုတ္ထတန်းမှ မအိမ့်ပိုးပိုးထက်အား မရွှေပိုးပိုးထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှေပိုးပိုးထက်**

---

## ပျောက်ဆုံးကြောင်း

ကလောမြို့၊ ဘူတာလမ်း၊ အမှတ်(၄/၁၆)နေ ဦးသိန်းထွန်း- ဒေါ်ခင် မြင့်တို့၏သား ဦးသန်းလွင် ၁၃/ကလန(နိုင်) ၁၄၃၂၈၃၏ နိုင်ငံကူး လက်မှတ် အမှတ် (MB 326831)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၀၁၅၅၅၂

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးသီဟ ၁၂/ဒဂမ(နိုင်)၀၁၄၇၇၅သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ သြဇာလမ်း၊ မြေကွက်အမှတ် (၉၄၇)ဟု ခေါ်တွင်သည့် ဦးအောင်ရှိန် အမည်ပေါက် ဂရန်မြေအမျိုးအစား၊ တရားဝင် မခွဲစိတ်ရသေးသည့် ပေ (၄၀x၆၀)အကျယ်ဝန်းရှိ မြေကွက်အနက်မှ ပေ (၁၀x၆၀)အကျယ်ဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံတစ်လုံးတို့ကို စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်စိန်စိန်ညွန့် ၁၂/ဒဂရ(နိုင်)၀၀၀၁၂၄ထံမှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေ ၏ တစ်စိတ်တစ်ဒေသကို ပေးသွင်းပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးအောင်ကျော်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃)/၁၃-၁၂-၂၀၁၈)**
**အမှတ် (၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

---

## မသိမ့်လင်းသူ
## (ဌာနစုမှူး-၁၊ ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက် (၃၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန (၄)လမ်း၊ အမှတ် (၈၉၄/ခ)နေ ဦးထိန် လင်း-ဒေါ်တင်တင်အုန်းတို့၏ သမီး၊ မသန္တာလင်း၊ မခိုင်လင်းသူတို့၏ညီမ၊ မောင်ရဲလင်းမောင်-မသက်ဇွန်ဖူးတို့၏အစ်မ၊ မမွန် မြတ်သဒ္ဒါနှင့် မမြင့်မြတ်သဒ္ဒါ တို့၏အဒေါ်ဖြစ်သူသည် ၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၃ရက် (တင်္ဂနွေနေ့)တွင် အမှတ် (၁)တပ်မတော်စစ်ဆေးရုံ ခုတင်(၁၀၀၀) ငြိမ်းအေးဇရပ်၌ ၁၂:၀၀နာရီတွင် တရားနာယူရန်နှင့် ၁၂:၃၀နာရီတွင် မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်နှင့် ကွယ်လွန်သူအား ရည်စူး၍ ၉-၅-၂၀၂၃ရက် အင်္ဂါနေ့တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၁:၀၀နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်းဦး
## မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ(ဟောင်း)
### အသက် (၅၇)နှစ်

၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ကဆုန်လပြည့်နေ့ နံနက် ၀၆:၀၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်း ကြေကွဲဖြစ်ရပါသည်။

**ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)**
**ကော်မတီဝင်များနှင့် အသင်းသူ/သားများ**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ပျောက်ဆုံးကြောင်း

ကျောက်တလုံးကြီးမြို့နယ်၊ နောင်ပစ်ကျေးရွာအုပ်စုနေ ဦးကံကီး-ဒေါ်ထွန်းခယ်တို့၏သမီး၊ နန်းခမ်းရှိန် ၁၃/တကန(နိုင်)၂၂၈၆၂၅ ၏ နိုင်ငံကူး လက် မှတ် အမှတ် (MD 358650)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၀၇၁၈၇၇၂

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

---

**❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်...**

**❖ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင်စာပေလေ့လာမှုသာမက မိမိတို့၏ သား/သမီးများကိုလည်း စာပေ၊ ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လို...**

**❖ ပညာရေးနှင့်ပတ်သတ်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## အမေရိကန်နိုင်ငံ၌ မေ ၅ ရက် ညပိုင်းတွင် ကျင်းပမည့် ONE Fight Night-10 ပြိုင်ပွဲတွင် အောင်လအန်ဆန်ပွဲစဉ် ပါဝင်

ရန်ကုန် မေ ၄

အမေရိကန်နိုင်ငံ၌ မေ ၅ ရက် ညပိုင်း၌ ကျင်းပမည့် ONE Fight Night-10 ပြိုင်ပွဲတွင် မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်၏ တွဲဆိုင်းပါဝင်လာမည်ဖြစ်သည်။

အောင်လအန်ဆန်သည် တရုတ်နိုင်ငံသား ဖန်ယုံနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## ဆီးဂိမ်း Kun Bokator ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ငွေတစ်ခု၊ ကြေးသုံးခု စတင်ဆွတ်ခူး

ရန်ကုန် မေ ၄

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း Kun Bokator ပြိုင်ပွဲ ပထမနေ့ကို မေ ၄ ရက်က စတင်ကျင်းပရာ မြန်မာအားကစားအဖွဲ့က ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့သည်။

ယခုရရှိသည့် ဆုတံဆိပ်များမှာ ကျင်းပဆဲ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမဆုံးရရှိသည့် ဆုတံဆိပ်များ

*စာမျက်နှာ ၁၄ ကော်လံ ၁* ❐



## ယနေ့ သတင်းအညွှန်း

**ရဝမ်ဒါနှင့် ယူဂန္ဓာနိုင်ငံတို့တွင် ရေကြီးမြေပြိုမှုများကြောင့် လူပေါင်း ရာကျော်သေဆုံး**

နိုင်ငံတကာသတင်း စာ ၁၃

................................

**၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရှာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ**

ပြည်တွင်းသတင်း စာ ၁၈

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၄

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ Morodok Techo Stadium ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲမှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV – HD Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ ည ၈ နာရီသတင်းမတိုင်မီအထိလည်းကောင်း၊ MRTV Farmers' Channel ၊ MRTV Sports Channel၊ MRTV Parliament Channel တို့မှ တစ်ဆက်တည်းပြသမှုဖြင့်လည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်သည်။

ထို့ပြင် MRTV – Website၊ MOI Youtube၊ MRTV – Facebook Page တို့မှလည်း တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်